# ကြေးမုံ
The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၅ ခုနှစ်၊ တန်ခူးလဆန်း ၃ ရက်၊ ကြာသပတေးနေ့။ Thursday, 11 April 2024 ၁၁၄၂၈


## သူတော်ကောင်းတို့၏သတင်း ပျံ့နှံ့ကြိုင်လှိုင်

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြက်ရုံးပန်း စသော ပန်းတို့၏အနံ့သည် လေထက်လေညာသို့ မပျံ့မလှိုင်၊ သူတော်ကောင်းတို့၏ သီလတည်းဟူသော ဂုဏ်သတင်းအနံ့သည် လေညာသို့ပင် ပျံ့နှံ့ကြိုင်လှိုင်၏။ သူတော်ကောင်း တို့၏သတင်းသည် အရပ်လေးမျက်နှာသို့ ပျံ့နှံ့ကြိုင်လှိုင်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၄)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မွန်မြတ်သည့်စာပေအသိပညာလှူဒါန်းမှုများ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက တိုင်းပြည်အတွက် များစွာအကျိုးရှိ

## မိမိတို့၏နိုင်ငံသားများအားလုံး အသိပညာအတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များ အကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်စေရေး ဝိုင်းဝန်းကြိုးပမ်း



**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ အမျိုးသားစာကြည့်တိုက်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်သည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ **စာမျက်နှာ ၄ ကော်လံ ၁ သို့** ❂

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။




ကြေးမုံ

# နိုင်ငံကိုကာကွယ်စောင့်ရှောက်မည့် နိုင်ငံ့သားကောင်းများအဖြစ်ဂုဏ်ယူ

ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များကို နိုင်ငံတော်၏ ဆိုင်ရာအဖွဲ့အစည်းများက ကာကွယ်စောင့်ရှောက်ပေးရန် တာဝန်ရှိသော်လည်း မိမိရပ်ရွာနေအိမ်များကို မိမိတို့ကိုယ်တိုင်လည်း ပါဝင်ကာကွယ်စောင့်ရှောက်ရန် တာဝန်ရှိပေသည်။ နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် နိုင်ငံသားတိုင်းသည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ရန်တာဝန်ရှိသည်ဟု ပြဋ္ဌာန်းထားသည်။

စစ်မှုထမ်းဥပဒေကို နိုင်ငံအများစုတွင် အကောင်အထည်ဖော်လျက်ရှိပြီး နိုင်ငံကာကွယ်ရေးအင်အား တောင့်တင်းအောင် ပြုလုပ်လျက်ရှိသည်။ မြန်မာနိုင်ငံ၌ ၂၀၁၀ ပြည့်နှစ် နိုဝင်ဘာလတွင် ဥပဒေအမှတ် (၂၇/ ၂၀၁၀)ဖြင့် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ယင်းဥပဒေအား အသက်ဝင်စေခဲ့ပြီး မတ်လ ၉ ရက်နေ့မှစတင်၍ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁) တွင် တက်ရောက်ရန်အတွက် ဥပဒေနှင့်အကျုံးဝင်သူများကို ဆင့်ခေါ်ခဲ့ရာ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ လူငယ်လူရွယ်များက မိမိတို့သဘောဆန္ဒအလျောက် စာရင်းပေးသွင်းခဲ့ကြသည်။

ယခုအခါ ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)တွင် တက်ရောက်ရန်အတွက် မိမိတို့သဘောဆန္ဒအလျောက် စာရင်းပေးသွင်းလာကြသူများအနက် သင်တန်းတက်ရောက်ရန် အရည်အချင်းကိုက်ညီသူများအားစုဖွဲ့၍ ဧပြီလ ၈ ရက်နေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် နယ်မြေခံသင်တန်းကျောင်းအသီးသီးတွင် သင်တန်းအမှတ်စဉ်(၁)ဖွင့်ပွဲများ ပြုလုပ်ခဲ့ကြသည်ကို အားရဖွယ်မြင်တွေ့ခဲ့ရသည်။ နိုင်ငံတော်ကိုစောင့်ရှောက်ရေးအတွက် တိုင်းပြည်ကာကွယ်ရေးတွင် အင်အားဖြည့်တင်းနိုင်ရန် နိုင်ငံချစ်စိတ်၊ တိုင်းပြည်ချစ်စိတ်ဖြင့် ပါဝင်လာကြသည်မှာ ဝမ်းမြောက်ဖွယ်ဖြစ်သည်။

နိုင်ငံတော်တွင် မှီတင်းနေထိုင်ကြသော နိုင်ငံသားတိုင်းအနေဖြင့် ပြည်ထောင်စုကြီး မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဟူသည့် ဒို့တာဝန်အရေးသုံးပါးကို စောင့်ရှောက်ရန် တာဝန်ရှိသည်။ ယင်းတာဝန်ကို ထမ်းဆောင်ရန်အတွက် စစ်ပညာသင်ကြားရန်နှင့် နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်နိုင်ရန် ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းခဲ့ပြီး ယခုအခါ လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီဖြစ်သည်။ ယခုဖွင့်လှစ်လိုက်သည့် ပြည်သူ့စစ်မှုထမ်း သင်တန်းအမှတ်စဉ်(၁)မှ သင်တန်းသားများအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို မိမိသဘောဆန္ဒအလျောက် စာရင်းပေးသွင်းခဲ့ကြသည့်အားလျော်စွာ နိုင်ငံ့သားကောင်းလူငယ်များအဖြစ် လေးစားဂုဏ်ယူကြရမည်ဖြစ်သည်။

ပြည်သူ့စစ်မှုထမ်းဥပဒေကို ပြဋ္ဌာန်းအသက်ဝင်ပြီး အကောင်အထည်ဖော်ခဲ့ရာတွင် နိုင်ငံတော်ကြီး အင်အားတောင့်တင်းခိုင်မာလာမည်ကို မလိုလားသော အမျိုးသားသစ္စာဖောက်များ၏ သွေးထိုးလှုံ့ဆော်အဖျက်စကားများကြောင့် ပြည်သူများကြားတွင် စိုးရိမ်ပူပန်တွေဝေမှုများဖြစ်ခဲ့ကြသည်။ ဤသို့ အဖျက် အနှောင့်အယှက်များကြားမှ နိုင်ငံချစ်စိတ်၊ တိုင်းပြည်ကို ကာကွယ်စောင့်ရှောက်လိုသည့် မွန်မြတ်သောစိတ်ထားများဖြင့် စွန့်လွှတ်စွန့်စားကြိုးပမ်းထမ်းဆောင်ကြမည့် လူငယ်လူရွယ်များကို လှိုက်လှိုက်လှဲလှဲ ကြိုဆိုကြရမည်ဖြစ်သည်။ နိုင်ငံအတွင်းနေထိုင်သည့် နိုင်ငံသားတစ်ယောက်အနေဖြင့် နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နိုင်ခဲ့ခြင်းသည် ဂုဏ်ယူဖွယ်ရာဖြစ်သည်။

အရပ်သားဘဝမှ စစ်မှုထမ်းတစ်ဦးအဖြစ် ထမ်းဆောင်လိုက်ခြင်းအတွက် ဦးစွာ ခန္ဓာကိုယ်ပိုင်းဆိုင်ရာကြံ့ခိုင်မှု၊ အသင်းအဖွဲ့စိတ်ဓာတ်ဖြင့် စည်းကမ်းလိုက်နာဆောင်ရွက်တတ်မှု၊ မတူကွဲပြားသော လူအများ အချင်းချင်းချစ်ခင်စည်းလုံးစွာ ဆောင်ရွက်တတ်မှု၊ စိတ်ဓာတ်ခံယူချက်မြင့်မားလာမှု စသည့်အကျိုးကျေးဇူးများကို ရရှိမည်ဖြစ်သည်။ ထို့အပြင် မိမိ မိသားစု၊ မိမိရပ်ရွာ၊ မိမိမြို့၊ မိမိနိုင်ငံကို တန်ဖိုးထားချစ်မြတ်နိုးသည့် စိတ်ဓာတ်များ ထွန်းကားလာမည်ဖြစ်သည်။ နိုင်ငံသားအရပ်သားတစ်ဦးအနေဖြင့် ဥပဒေအရ၊ နိုင်ငံချစ်စိတ်အရ စစ်မှုထမ်းတာဝန်ကို ထမ်းဆောင်နိုင်ခဲ့ခြင်းသည် မိမိတို့အတွက် ခိုင်မာသောအထောက်အပံ့ကောင်းများကို ရရှိနိုင်မည်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို မိမိပါဝင်မစောင့်ရှောက်လျှင် အဖျက်အမှောင့်အနှောင့်အယှက် စသည့်အဖျက်အင်အားများ ကြီးမားလာပါက မိမိတို့မြို့ရွာ၊ မိမိတို့ပြည်သူ၊ မိမိတို့တိုင်းပြည်ပင် ပျက်စီးခြင်းသို့ရောက်နိုင်ပြီး နောက်ဆုံးတွင် ပြည်သူများပင် ဒုက္ခဆင်းရဲပျက်စီးခြင်းအဖြစ်သို့ ရောက်နိုင်ပေသည်။ သို့ဖြစ်ရာ နိုင်ငံသားတိုင်းသည် မိမိနိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ပေးရမည့်တာဝန်ကို မွေးရာပါတာဝန်တစ်ရပ်အဖြစ်ခံယူပြီး နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ကြမည့် နိုင်ငံ့သားကောင်းများအဖြစ် ဂုဏ်ယူစွာ ပါဝင်ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း။ ။

## ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာ တင်သွင်းရန် အသိပေးနှိုးဆော်ခြင်း

ပုဂ္ဂလိကပညာရေးဥပဒေကို ၁၂-၅-၂၀၂၃ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီးဖြစ်ရာ ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေနှင့်အညီ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ပညာရေးမှူးရုံးများရှိ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံသို့ မှတ်ပုံတင်လျှောက်ထားကြရမည် ဖြစ်ပါသည်။

သို့ဖြစ်၍ နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသောကျောင်းများနှင့် အမျိုးသားသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားသောကျောင်းများအပါအဝင် **ပုဂ္ဂလိကအခြေခံပညာကျောင်းများ**၊ ဘာသာစကားသင်ကျောင်းများအပါအဝင် **ပုဂ္ဂလိက အဆင့်မြင့်ပညာကျောင်းများနှင့် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများ**သည် မှတ်ပုံတင်လျှောက်ထားခြင်းဆိုင်ရာကိစ္စရပ်များကို **၁၂-၄-၂၀၂၄ ရက် (သောကြာနေ့) မတိုင်မီ** ဆောင်ရွက်ကြရန်နှင့် သတ်မှတ်ကာလအတွင်း မှတ်ပုံတင်လျှောက်ထားခြင်းမရှိပါက အဆိုပါပုဂ္ဂလိကကျောင်းများကို ပိတ်သိမ်းမည်ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနက အသိပေးနှိုးဆော်ထားသည်။

**ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ကြီးကြပ်ရေးအဖွဲ့**
**ပညာရေးဝန်ကြီးဌာန**

## နှစ်သစ်ကူးရုံးပိတ်ရက်များတွင် သတင်းစာများ အလှည့်ကျထုတ်ဝေမည်

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနှစ်သစ်ကူးရုံးပိတ်ရက်များအတွင်း ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ နေ့စဉ်ထုတ်သတင်းစာများကို အလှည့်ကျထုတ်ဝေမည်ဖြစ်ပါသည်။

ဧပြီ ၁၃၊ ၁၄၊ ၁၅၊ ၁၆ ရက်တို့တွင် မြန်မာ့အလင်းသတင်းစာကို ထုတ်ဝေမည်ဖြစ်ပြီး ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ဧပြီ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တို့တွင် ကြေးမုံသတင်းစာနှင့် The Global New Light of Myanmar သတင်းစာတို့ ထုတ်ဝေမည်ဖြစ်ပြီး မြန်မာ့အလင်းသတင်းစာကို ခေတ္တရပ်နားသွားမည်ဖြစ်ပါသည်။

ထို့အတူ ကိုယ်ပွားသတင်းစာတိုက်(တောင်ကြီး)မှ (ကြာသပတေးနေ့)တိုင်း ထုတ်ဝေသည့် ရှမ်းဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၁၈ ရက်နေ့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက်(မော်လမြိုင်)မှ (တနင်္ဂနွေနေ့)တိုင်း ထုတ်ဝေလျက်ရှိသည့် မွန်၊ စကောကရင်၊ ပိုးကရင်၊ ပအိုဝ်း တိုင်းရင်းသားဘာသာအချပ်ပိုကို ဧပြီ ၁၄ ရက်နေ့နှင့် ၂၁ ရက်နေ့တို့တွင်လည်းကောင်း၊ ကိုယ်ပွားသတင်းစာတိုက် (မြစ်ကြီးနား)မှ နှစ်ပတ်တစ်ကြိမ် ထုတ်ဝေသည့် ကချင်ဘာသာတိုင်းရင်းသားကဏ္ဍအချပ်ပိုကို ဧပြီ ၂၀ ရက်နေ့တွင်လည်းကောင်း ရပ်နားမည်ဖြစ်ပြီး သင်္ကြန်ရုံးပိတ်ရက်ကာလ ကျော်လွန်ပါက ပုံမှန်ပြန်လည်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

သတင်းစာကြော်ငြာများကိုမူ သတင်းစာတိုက်များ၏ အလှည့်ကျပိတ်ရက် ကာလများတွင် ပိတ်ရက်မရှိ လက်ခံသွားမည်ဖြစ်ပြီး ဧပြီ ၂၂ ရက်နေ့မှစ၍ သတင်းစာများအားလုံး ပုံမှန်အတိုင်း ဆက်လက်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**

## မိုးတိမ်တောင် ဖြစ်ပေါ်မှု အခြေအနေ

**နေပြည်တော် ဧပြီ ၁၀**

နေပြည်တော်၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းလျက်ရှိပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာနေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

**မိုး/ဇလ**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၀- ၄ -၂၀၂၄

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၇၀၀ | ၈,၈၀၀ | ၂၇၀ | ၂,၃၇၄,၀၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၁,၀၂၃ | ၂,၉၆၆,၇၀၀ |
| MCB | ၇,၉၀၀ | ၇,၉၀၀ | ၀ | ၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၅၀၇ | ၇၆၀,၅၀၀ |
| TMH | ၂,၆၀၀ | ၂,၆၀၀ | ၆၁ | ၁၅၈,၆၀၀ |
| EFR | ၁,၇၅၀ | ၁,၆၅၀ | ၁,၂၀၆ | ၂,၀၀၃,၄၅၀ |
| AMATA | ၄,၆၀၀ | ၄,၆၀၀ | ၀ | ၀ |
| MAEX | ၂,၁၀၀ | ၂,၀၅၀ | ၁,၂၈၅ | ၂,၆၉၁,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သောကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ လာရောက်ဂါရဝပြု တွေ့ဆုံ

နေပြည်တော် ဧပြီ ၁၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး သံတမန်ဆောင် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ရင်းနှီးမြှုပ်နှံမှု နှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်တို့ တက်ရောက်ကြပြီး ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးနှင့် အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှ စီးပွားရေးကော်မရှင်တို့အကြား ကုန်ပစ္စည်းများ အပြန်အလှန်တင်ပို့ရေးဆိုင်ရာ ကိစ္စရပ်များနှင့် တိုက်ရိုက်ငွေပေးချေမှုဆိုင်ရာကိစ္စရပ်များ၊ စိုက်ပျိုးရေးထုတ်ကုန်များနှင့်ပတ်သက်၍ နည်းပညာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုက်ရိုက်လေကြောင်းပျံသန်းရေးဆိုင်ရာကိစ္စရပ်များ၊ ရေနံထွက်ပစ္စည်းများ ထုတ်လုပ်ခြင်းနှင့် တွင်းထွက်သယံဇာတပစ္စည်းများအား အဆင့်မီကုန်ချောများအဖြစ် ထုတ်လုပ်နိုင်သည့် အခြေအနေများ၊ အထည်အလိပ်လုပ်ငန်းများနှင့် ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံနှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင်တို့အကြား အခြားနယ်ပယ်ပေါင်းစုံ၌ ပူးပေါင်းဆောင်ရွက်နိုင်သည့် အခြေအနေများနှင့် ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။



**စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သော အဖွဲ့နှင့် ဥရောပ-အာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

✪ ရှေ့ဖုံးမှ

အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ၊ နေပြည်တော်စာကြည့်တိုက်များ ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများ၊ နေပြည်တော် Book Club အဖွဲ့ဝင်များ၊ ကျေးရွာစာကြည့်တိုက်မှူးများ၊ နေပြည်တော်စာရေးဆရာအသင်းမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် “သုတဝေဖြာ မျှဝေရာ ပညာဘဏ်တိုက် စာကြည့်တိုက်” ဗီဒီယို Clip ကို ကြည့်ရှုကြသည်။

**စာကြည့်တိုက်များ တိုးတက်အောင်ဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ပြီးခဲ့သည့် ဧပြီ ၃ ရက်က ယခုခန်းမထဲမှာပင် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များနှင့် တပ်မတော်ဌာနချုပ်များ၊ တပ်ရင်းတပ်ဖွဲ့များရှိ စာကြည့်တိုက်များအတွက် စာအုပ်စာစောင်များ လှူဒါန်းပွဲကို ကျင်းပခဲ့ကြောင်း၊ ထိုအချိန်၌ ပြည်သူများအားလုံး အသိပညာဗဟုသုတများ တိုးတက်စေရေးအတွက် စာကြည့်တိုက်များ တိုးတက်အောင် ဆောင်ရွက်ရန် လိုအပ်သည်ကိုစဉ်းစားမိခဲ့ကြောင်း၊ ထို့ကြောင့် စာအုပ်စာစောင်များ ထပ်မံလှူဒါန်းနိုင်ရေး စီစဉ်ရန် တာဝန်ရှိသူများကို ညွှန်ကြားခဲ့ပြီး ယနေ့ကျင်းပသည့် မြန်မာနိုင်ငံ တစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုး တိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ဖြစ်မြောက်အောင် ဆောင်ရွက်နိုင်ခဲ့ခြင်းဖြစ်ကြောင်း။

မြန်မာဝေါဟာရ၌ စာကြည့်တိုက်ဆိုသည်မှာ ကြည့်ရှုလေ့လာရန်နှင့် ငှားရမ်းရန် စာအုပ်များ ခင်းကျင်းထားသော နေရာဟု ရေးသားထားသည်ကို မှတ်သားမိကြောင်း၊ မိမိတို့နိုင်ငံတွင် စာကြည့်တိုက်များ တည်ဆောက်ထားသည်ကိုတွေ့ရှိရပြီး ပကတိအခြေအနေနှင့် ကိုက်ညီသည့် စာကြည့်တိုက်များ ဖြစ်စေရေးအတွက်လည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ၂၀၁၉ ခုနှစ် ကြားဖြတ်သန်းခေါင်စာရင်းအရ ငါးနှစ်နှင့်အထက် လူဦးရေသည် ၄၆ ဒသမ ၄၆၃ သန်းရှိသည်ဟု သိရကြောင်း၊ အဆိုပါလူဦးရေတွင် ကျောင်းလုံးဝ မတက်ဖူးသူ ၈ ဒသမ ၁ ရာခိုင်နှုန်းခန့်ရှိကြောင်း၊ အသက် ၂၅ နှစ် အထက် ၂၅ ဒသမ ၁၆၉ သန်းခန့်တွင် အတန်းလုံးဝမရှိသူ ၃ ဒသမ ၈ ရာခိုင်နှုန်း(၉သိန်းကျော်)ရှိကြောင်း၊ မူလတန်းနှင့် မူကြိုအဆင့်ရှိသူ ၄၉ ဒသမ ၄၇ ရာခိုင်နှုန်း (၁၂ ဒသမ ၈၃ သန်း) ရှိကြောင်း၊ အလယ်တန်းအဆင့်ရှိသူ ၂၁ ဒသမ ၇၂ ရာခိုင်နှုန်း (၅ ဒသမ ၄၆ သန်း) ရှိကြောင်း၊ အထက်တန်းအဆင့် ပြီးမြောက်သူ ၁၃ ဒသမ ၃ ရာခိုင်နှုန်းနှင့် ဘွဲ့ရသူ ၁၁ ဒသမ ၄ ရာခိုင်နှုန်း (၂ ဒသမ ၆၈ သန်း)ရှိသည်ကို စာရင်းဇယားများအရသိရကြောင်း၊ ကျောင်းသားအများစုသည် မူလတန်းပြီးဆုံးချိန်တွင် ကျောင်းထွက်သွားကြခြင်းဖြစ်သဖြင့် နိုင်ငံ့အနာဂတ်အတွက် စိုးရိမ်စရာဖြစ်ကြောင်း။

အလုပ်အကိုင်နှင့် ပတ်သက်၍ လယ်ယာ သစ်တော သားငါးကဏ္ဍ၊ ဝန်ဆောင်မှုနှင့် အရောင်းအဝယ်ကဏ္ဍ၊ အခြေခံလက်မှုပညာနှင့် ဆက်စပ်လုပ်ငန်းများ ကဏ္ဍစသည့် အထွေထွေအခြေခံလုပ်ငန်းများကို နိုင်ငံ့လူဦးရေ၏ ၈၀ ရာခိုင်နှုန်းခန့်က လုပ်ဆောင်နေသည်ကိုတွေ့ရကြောင်း၊ မိမိတို့နိုင်ငံ၏ လူဦးရေ ၇၀ ရာခိုင်နှုန်းခန့်သည် ကျေးလက်တွင် နေထိုင်ကြပြီး ၃၀ ရာခိုင်နှုန်းခန့်သည် မြို့ပြတွင်နေထိုင်ကြကြောင်း၊ ကျေးလက်နေပြည်သူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများနှင့် သစ်ဝါးနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ တိုးတက်အောင် ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့၏စီးပွားရေးနှင့် အသိပညာဗဟုသုတကို မြှင့်တင်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ၎င်းတို့ ပညာရေးအတွက် အထောက်အကူ ပြုစေမည့် စာကြည့်တိုက်များ တည်ဆောက်ပေးခြင်းသည် အလွယ်ကူဆုံးနည်းလမ်းပင်ဖြစ်ကြောင်း။

**စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိ**

မိမိတို့နိုင်ငံတွင် မြို့နယ်ပေါင်း ၃၃၀၊ မြို့ပေါင်း ၄၇၁ မြို့ရှိသဖြင့် စုစုပေါင်း ၈၀၁ မြို့ရှိကြောင်း၊ ရပ်ကွက်ပေါင်း ၃၄၈၅ ခု၊ ကျေးရွာအုပ်စုပေါင်း ၂၃၉၁၀၊ ကျေးရွာပေါင်း ၆၃၂၁၀ ရှိကြောင်း၊ ထိုအထဲတွင် ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များ ဖောင်ဒေးရှင်း ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထု အစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော် ရှိသည်ဟု သိရကြောင်း၊ နိုင်ငံအတွင်း၌ စာကြည့်တိုက်ပေါင်း များစွာ ဖွင့်လှစ်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စာကြည့်တိုက် အင်္ဂါရပ်များနှင့် ပြည့်စုံအောင် အဆောက်အအုံများနှင့် လိုအပ်သည့်အသုံးအဆောင်များ၊ စာအုပ်များကို ဖြည့်ဆည်းပေးသွားရန် လိုအပ်ကြောင်း။

မိမိတို့နိုင်ငံ၏ အဓိကစီးပွားရေးလုပ်ငန်းမှာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်ပြီး ကျေးလက်တွင် အဓိကဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် အဆိုပါလုပ်ငန်းများဆောင်ရွက်နေသူများကို အသိပညာများပေးနိုင်ရေး ဖြည့်ဆည်း ဆောင်ရွက်နိုင်ရန်အတွက် စာကြည့်တိုက်လုပ်ငန်းများကို အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ချိန်တွင်လည်း စာကြည့်တိုက်များရှိစာအုပ်များသည် ဒေသရှိပညာရေးကိုကြည့်၍ အများနားလည်နိုင်သည့် စာအုပ်များဖြစ်အောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ **စာမျက်နှာ ၅ သို့** ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦးက အလှူငွေ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်က စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။

- **ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခရိုင်နှင့် မြို့နယ်အဆင့်များတွင် ပြည်သူ့စာကြည့်တိုက် ၄၁၀ ကို ဖွင့်လှစ်ပေးထားပြီး မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်း ထောက်ပံ့မှုဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်များ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များနှင့် ရပ်ရွာပြည်သူလူထု အစီအစဉ်ဖြင့် ဖွင့်လှစ်ထားသည့် စာကြည့်တိုက်ပေါင်း ၃၅၀၀ ကျော်ရှိ**
- **နိုင်ငံအတွင်း၌ စာကြည့်တိုက်ပေါင်းများစွာ ဖွင့်လှစ်ပေးရန် လိုအပ်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် စာကြည့်တိုက်အင်္ဂါရပ်များနှင့် ပြည့်စုံအောင် အဆောက်အအုံများနှင့် လိုအပ်သည့်အသုံးအဆောင်များ၊ စာအုပ်များကို ဖြည့်ဆည်းပေးသွားရန်လိုအပ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ အလှူငွေပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌ ဦးအောင်ဇော်သိန်း စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း အလှူငွေပေးအပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၄ မှ

လုပ်ငန်းနယ်ပယ်များ အလိုက် အသိပညာများရရှိနိုင်သည့် စာအုပ်များကို ထားရှိပေးနိုင်ရန် လိုကြောင်း၊ ဥပမာအားဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် MSME လုပ်ငန်းများနှင့် သက်ဆိုင်သည်များ၊ ရေရရှိရေးနှင့် ရေသုံးစွဲမှုနည်းလမ်းများ စသည့်ပညာရပ်များကို သိရှိနားလည်စေရေး ဆောင်ရွက်ပေးရန် လိုကြောင်း။

**စာဖတ်ခြင်းဖြင့် အသိပညာ ဗဟုသုတများ တိုးပွားလာမည်**

စာကြည့်တိုက် ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်ကြောင်း၊ စာဖတ်စေရန်နှင့် စာဖတ်အားများတက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ တစ်ဦးချင်းအသိပညာများကြွယ်ဝစေရန်အတွက် စာဖတ်ရန်လိုကြောင်း၊ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလိုကြောင်း၊ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများ တိုးပွားလာမည်ဖြစ်ကြောင်း၊ ထိုသို့ အသိပညာဗဟုသုတများကြွယ်ဝလာခြင်းဖြင့် ဘဝအတွက်များစွာ အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း၊ ထို့အပြင် မိမိတို့ဖတ်ရှုသိရှိထားသည့် အသိပညာဗဟုသုတများကို လူအများသိရှိစေရေးအတွက် ပြန်လည်ဟောပြောပေးခြင်း၊ ဆွေးနွေးပေးခြင်းများ ဆောင်ရွက်မှသာလျှင် ပညာပြန့်ပွားမှုအကျိုးကို ရရှိနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် ရပ်ကွက်အလိုက်၊ ကျေးရွာအလိုက် အသိပညာ နှီးနှောဖလှယ်ဆွေးနွေးလှုပ်ရှားမှုများကို အပတ်စဉ်အလိုက်၊ လစဉ်အလိုက် ဆောင်ရွက်သွားရန်လည်း လိုအပ်မည်ဖြစ်ကြောင်း၊ မြန်မာစကားပုံတွင် "ရေအသက် တစ်မနက်၊ ထမင်းအသက်ခုနစ်ရက်" ဟူ၍ရှိကြောင်း၊ အလားတူ စာပေအသိပညာမရှိပါက တစ်သက်လုံး အခက်အခဲအကျပ်အတည်းများနှင့် ကြုံတွေ့ရနိုင်ကြောင်း၊ စာပေအသိပညာမရှိခြင်းနှင့် အားနည်းခြင်းတို့ကြောင့် နေ့စဉ်လူနေမှုဘဝ၌ အခက်အခဲများနှင့် ကြုံတွေ့ရင်ဆိုင်နေရသူများကို မိမိတို့မြင်တွေ့နေကြရပြီး ၎င်းတို့၏ လူနေမှုပုံစံ ပြောင်းလဲတိုးတက်လာစေရေးနှင့် အနာဂတ်တွင် အသိပညာကြွယ်ဝသည့် လူ့အသိုက်အဝန်းကို ပုံဖော်တည်ဆောက်နိုင်ရေး မိမိတို့အနေဖြင့် ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ပေးသွားကြရမည်ဖြစ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရာတွင်လည်း ခေတ္တခဏသာ ဆောင်ရွက်ခြင်းထက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးသွားရန်လိုကြောင်း။

မိမိတို့အနေဖြင့် **"စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး"**နှင့် **"ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး"** ဟူသည့် နိုင်ငံရေးမျှော်မှန်းချက်နှစ်ခုနှင့် **"တိုင်းပြည်သာယာဝပြောရေး"** နှင့် **"စားရေရိက္ခာဖူလုံရေး"** ဟူသည့် အမျိုးသားရေး ရည်မှန်းချက်နှစ်ရပ်ကိုချမှတ်ပြီး ယင်းရည်မှန်းချက်များ အောင်မြင်စေရေး ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ ချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် အသိပညာအတတ်ပညာကြွယ်ဝသည့် လူသားအရင်းအမြစ်ကောင်းများ ပေါ်ထွက်လာရေးနှင့် အသိပညာကြွယ်ဝသည့် လူ့ပတ်ဝန်းကျင်အသိုက်အဝန်းကို ပုံဖော်တည်ဆောက်ပေးရန် မဖြစ်မနေလိုအပ်ကြောင်း၊ ထို့ကြောင့် ပညာရေးမြှင့်တင်ရေးနှင့် ပတ်သက်၍ အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူပြည်သားများ အသိပညာအတတ်ပညာများ ရရှိစေရေးအတွက် ငွေကုန်ကြေးကျအနည်းဆုံးဖြင့် ပညာရရှိစေရေး စဉ်းစားဆောင်ရွက်သွားရန်လိုကြောင်း၊ စာအုပ်စာပေများကို သက်သာသည့် ဈေးနှုန်းများဖြင့် ဝယ်ယူဖတ်ရှုနိုင်ရေး အတွက်လည်း ဆောင်ရွက်သွားရန်လိုကြောင်း၊ ကျေးလက်များကို အကျိုးပြုသည့် စာအုပ်များကိုလည်း ထုတ်ဝေသွားကြရန် တိုက်တွန်းလိုကြောင်း။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုစဉ်။

နိုင်ငံပိုင် သတင်းစာများနှင့် ပုဂ္ဂလိကသတင်းစာများ ထုတ်ဝေဖြန့်ချိလျက် ရှိသော်လည်း နိုင်ငံတစ်ဝန်းလုံးသို့ ပျံ့နှံ့ရောက်ရှိမှုအားနည်းမှုနှင့် ဖတ်ရှုသူနည်းပါးမှုတို့ကို တွေ့ရှိရကြောင်း၊ သတင်းစာဟူသည်မှာ နေ့စဉ်ဖြစ်ပေါ်လျက်ရှိသည့် သတင်းအချက်အလက်များကို အမြန်ဆုံးသိရှိစေရေး ရိုက်နှိပ်ထုတ်ဝေခြင်းဖြစ်သဖြင့် နယ်မြို့ကျေးရွာများသို့ အမြန်ဆုံး ရောက်ရှိနိုင်စေရေး ဆောင်ရွက်သွားရန်လိုကြောင်း၊ လက်ရှိအချိန်၌ သတင်းစာများကို အမြန်ဆုံးဖတ်ရှုနိုင်ရေးအတွက် အွန်လိုင်းစာမျက်နှာများ၌လည်း နေ့စဉ် ဖြန့်ဝေပေးလျက်ရှိကြောင်း၊ သတင်းစာများ၌ပါရှိသည့် သတင်းအချက်အလက်များ၊ ဆောင်းပါးများသည်လည်း ပြည်သူလူထုတို့ကို အမှန်တကယ်အကျိုးပြုနိုင်ရန်လိုပြီး နားလည်သဘောပေါက်လွယ်ကူစေမည့် အသုံးအနှုန်းများ၊ အရေးအသားများကို သုံးနှုန်းကြရန် လိုကြောင်း။

ယနေ့အခမ်းအနားတွင် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စာအုပ်စာစောင်များနှင့် အလှူငွေများ လှူဒါန်းမှုသည် တန်ဖိုးကြီးမားသည့် လှူဒါန်းမှု၊ မွန်မြတ်သည့် အသိပညာစာပေအလှူဖြစ်သည့်အတွက် အလှူရှင်များအားလုံးကို မိမိအနေဖြင့် အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါကြောင်း၊ စာအုပ်စာပေဟူသည် မည်မျှပင်ဟောင်းနေသည်ဖြစ်စေ မဖတ်ရသေးသူများ အတွက် အသစ်ပင်ဖြစ်ပြီး အသိပညာအသစ်များကို ရရှိသွားစေမည်ဖြစ်ကြောင်း၊ ယခုကဲ့သို့ မွန်မြတ်သည့်စာပေအသိပညာလှူဒါန်းမှုများကို ဦးဆောင်နိုင်သူများက ဦးဆောင်၍ နိုင်ငံတစ်ဝန်း၌ မကြာခဏဆောင်ရွက်ပေးမည်ဆိုပါက

စာမျက်နှာ ၆ သို့ ✪



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ စိုးဝင်းက အလှူငွေပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ထွန်းအောင်က အလှူငွေပေးအပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းစဉ်။

✪ စာမျက်နှာ ၅ မှ

တိုင်းပြည်အတွက်များစွာ အကျိုးရှိစေမည်ဖြစ်သဖြင့် အားလုံးဝိုင်းဝန်းကူညီဆောင်ရွက်ပေးနိုင်ကြရန် မေတ္တာရပ်ခံတိုက်တွန်းပါကြောင်း၊ မိမိတို့၏ နိုင်ငံသားများ အားလုံး အသိပညာအတတ်ပညာနှင့် လူမှုဘဝတိုးတက်စေရေး၊ နိုင်ငံတော်၏ နိုင်ငံရေးလုပ်ငန်းစဉ်များ၊ အမျိုးသားရေးရည်မှန်းချက်များအကောင်အထည်ဖော်ဆောင်ရာတွင် တစ်ခန်းတစ်ကဏ္ဍမှ ပါဝင်နိုင်စေရေးတို့အတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် စေတနာရှင်ပြည်သူများက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များကို ပေးအပ်လှူဒါန်းကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရှင်းလင်းပြောကြား

ယင်းနောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးကိုကိုက မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့်စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များနှင့် အမျိုးသားစာကြည့်တိုက်ရှိ e-Library and Reading Room တို့ကို လှည့်လည်ကြည့်ရှုသည်။

ယနေ့အခမ်းအနားတွင် မြန်မာနိုင်ငံတစ်ဝန်းရှိစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများ၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) တပ်ရင်းတပ်ဖွဲ့ဌာနချုပ်များနှင့် ဌာနဆိုင်ရာ အဖွဲ့အစည်းများ၊ ပြင်ပအလှူရှင်များ၏ လှူဒါန်းမှုအနေဖြင့် အလှူငွေကျပ် ၅၆၀၀၈၇၅၀၀ နှင့် သုတရသစာအုပ်စာစောင် ၄၈၃၅၇ အုပ် ဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များတွင် တစ်ချိန်တည်း၊ တစ်ပြိုင်တည်း ပြုလုပ်သည့် အခမ်းအနားများ၌ လှူဒါန်းမှုအနေဖြင့် ငွေကျပ် ၄၂၅၀၇၇၉၅၀ နှင့် သုတရသစာအုပ်စာစောင် ၃၀၈၅၄ အုပ်ဖြစ်ကြောင်းနှင့် စုစုပေါင်းလှူဒါန်းမှုအနေဖြင့် ငွေကျပ် ၉၈၅၁၆၅၄၅၀ နှင့် သုတရသစာအုပ်စာစောင် ၇၉၂၁၁ အုပ် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင် ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဧပြီ ၁၀**

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် ဥရောပအာရှ စီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင် အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် The Eurasian Economic Commission အဖွဲ့ဝင် နိုင်ငံများအကြား မဟာဗျူဟာမြောက် စွမ်းအင်ကဏ္ဍဆိုင်ရာပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကိစ္စများ၊ မြန်မာနိုင်ငံတွင် ရေနံချက်စက်ရုံတည်ဆောက်ပြီး ရေနံထွက်ပစ္စည်း ဖြန့်ဖြူးရောင်းချရေးဆိုင်ရာကိစ္စများ၊ သဘာဝဓာတ်ငွေ့ရည် LNG တင်သွင်းပြီး ပြည်တွင်းသုံးနှင့် ဒေသတွင်းနိုင်ငံများသို့ သဘာဝဓာတ်ငွေ့ ဖြန့်ဖြူးရောင်းချခြင်းဈေးကွက်ဆိုင်ရာကိစ္စများ၊ အထွက်နှုန်း ကျဆင်းနေသည့် ရေနံနှင့်သဘာဝဓာတ်ငွေ့မြေများ နှင့် အလားအလာကောင်းများရှိသော ရေနံနှင့် သဘာဝဓာတ်ငွေ့မြေများတွင် အထွက်နှုန်းတိုးမြှင့်နိုင်ရန် သုတေသနပြု ဆောင်ရွက်ရေးကိစ္စရပ်များ၊ စွမ်းအင်ကဏ္ဍဆိုင်ရာလုပ်ငန်းများတွင် ရုရှားကုမ္ပဏီများအနေဖြင့် လာရောက်ရင်းနှီးမြှုပ်နှံလိုသည့် ကိစ္စများအပြင် ရုပ်ကြွင်းလောင်စာဖြစ်တည်လာမှုအတွေးအမြင်များကို ရင်းနှီးပွင့်လင်းစွာအမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ ဒုတိယဝန်ကြီး ဦးသန့်စင်၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဝန်ကြီးဌာနကြီးကြပ်မှုအောက်ရှိ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ The Eurasian Economic Commission အဖွဲ့မှတာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မှော်ဘီမြို့နယ်အတွင်းရှိ ကျေးရွာ ၃၆ ရွာသို့ မြစိမ်းရောင်စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေး

**ရန်ကုန် ဧပြီ ၁၀**

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှစတင်၍ မြို့နယ်အတွင်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအချိန်အထိ ကျေးရွာ ၄၀ တို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။ ၂၀၂၄ ခုနှစ် ဖေဖော်ဝါရီလ၊ မတ်လနှင့်ဧပြီလ တို့ တွင် စီမံကိန်းသတ်မှတ်ကာလတစ်နှစ်ပြည့်မြောက်ခဲ့သည့် ကျေးရွာ ၃၆ ရွာတို့မှ ပြန်လည်ပေးဆပ်ရမည့် သတ်မှတ်အတိုးနှင့် အရင်းများကို မြန်မာ့စီးပွားရေးဘဏ်သို့ အကျေပေးဆပ်နိုင်ခဲ့ပြီး ကျေးရွာ ၃၆ ရွာကိုလည်း စီမံကိန်းရန်ပုံငွေများကို ပြန်လည်၍ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

စီမံကိန်းရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၁၅၄ ဦးတို့မှ ငွေကျပ် ၇၄၁ ဒသမ ၈၅ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၃၅၈ ဦးတို့မှ ငွေကျပ် ၅၁၈ ဒသမ ၆၅ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ ၇၁ ဦးတို့မှ ငွေကျပ် ၂၃ ဒသမ ၆ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၆၆၈ ဦးတို့မှ ငွေကျပ် ၂၁၄ ဒသမ ၂ သန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ကိုင်သူ ၆၄၀ တို့မှ ငွေကျပ် ၁၈၄ ဒသမ ၃ သန်း စုစုပေါင်း ၄၈၉၁ ဦးတို့အား ငွေကျပ် ၁၆၈၂ ဒသမ ၆ သန်းတို့အား ပြန်လည်၍ ထုတ်ချေးပေးနိုင်ခဲ့ကြောင်းနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေများ ပြန်လည်ထုတ်ချေးပေးရာသို့ ခရိုင်ဦးစီးမှူး၊ မြို့နယ်ဦးစီးမှူးနှင့်ဝန်ထမ်းများက ကြီးကြပ်၍ ကျေးရွာမြစိမ်းရောင်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက နေ့ချင်းပြီး ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။



**ကိုဇင်(ပြန်/ဆက်)**

# ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်းအမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကျင်းပ

**နေပြည်တော် မေ ၁၀**

ဥပဒေအရာရှိအဆင့်-၄ (အစမ်းခန့်)များ လုပ်ငန်းခွင်ဝင်သင်တန်း အမှတ်စဉ် (၁/၂၀၂၄) သင်တန်းဆင်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ဥပဒေရေးရာဝန်ကြီးဌာန မြေညီထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။





သင်တန်း ဆင်းပွဲတွင် ပြည်ထောင်စု ဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ် ဒေါက်တာ သီတာဦးက သင်တန်းတွင် ရုံးလုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘတ်ဂျက်နှင့် ငွေစာရင်းဆိုင်ရာကိစ္စများ၊ တရားစွဲနှင့် အမှုလိုက်ဆိုင်ရာကိစ္စများ၊ ဥပဒေရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော်ဆောင်လျက်ရှိသည့် မဟာဗျူဟာစီမံကိန်းများ၊ ဥပဒေအရာရှိကျင့်ဝတ်များ၊ မျှတသောတရားစီရင်ရေးဆိုင်ရာ စံနှုန်းများအကြောင်းကို အတွေ့အကြုံရင့်ကျက်သည့် ဆရာ ဆရာမများကိုယ်တိုင် ပြည့်ပြည့်စုံစုံ သင်ကြားပို့ချပေးခဲ့သည့်အပြင် ပြင်ပပညာရှင်များ၊ မှုခင်းရဲတပ်ဖွဲ့နှင့် မှုခင်းဆရာဝန်ကြီးများအား ဖိတ်ခေါ်၍ ပို့ချပေးခဲ့ခြင်းတို့ကြောင့် ဥပဒေအရာရှိအဖြစ် နိုင်ငံတော်ကိုယ်စား အမှုလိုက်ပါဆောင်ရွက်မည့်သူများအတွက် တန်ဖိုးမဖြတ်နိုင်သော အသိပညာဗဟုသုတများ ပေးလိုက်နိုင်ပါကြောင်း၊ သရုပ်ပြတရားခွင်ကို အမှုလိုက် အတွေ့အကြုံများစွာရှိသော ဥပဒေအရာရှိများက သရုပ်ပြလေ့ကျင့်ပေးခဲ့ပါကြောင်း၊ ယခုသင်တန်းက သင်ကြားပို့ချပေးလိုက်သည့် အသိပညာဗဟုသုတများကို မိမိတို့လုပ်ငန်းခွင်တွင် လက်တွေ့ကျင့်သုံး လိုက်နာဆောင်ရွက်ခြင်းဖြင့် အရည်အသွေးပြည့်ဝပြီး တာဝန်ကိုကျေပွန်စွာ ဆောင်ရွက်နိုင်သော ဥပဒေအရာရှိကောင်းများ ဖြစ်လာကြလိမ့်မည်ဟု ယုံကြည်ပါကြောင်း၊ သင်တန်းက သင်ကြားပို့ချပေးလိုက်သည့် ပညာများကို အခြေခံကာ မိမိတို့ကိုယ်တိုင် စဉ်ဆက်မပြတ် လေ့လာသင်ယူပြီး ပေးအပ်သည့်တာဝန်ကို တာဝန်ကျရာ ဒေသအသီးသီးတွင် ကျေကျေပွန်ပွန် ထမ်းဆောင်ရင်း ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် နိုင်ငံတော်၏ဂုဏ်၊ ဥပဒေအရာရှိဂုဏ်တို့ကို ထိန်းသိမ်းစောင့်ရှောက်ပြီး အလုပ်အကျွေးပြုသွားမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

သင်တန်းဆင်းပွဲသို့ တာဝန်ရှိသူများ၊ သင်တန်းဆရာ ဆရာမများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့၏ ဝတ်စုံပြည့်ကပြဖျော်ဖြေခြင်း အခမ်းအနား တက်ရောက်အားပေး

**နေပြည်တော် မေ ၁၀**

အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့၏ ဝတ်စုံပြည့်ကပြဖျော်ဖြေခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် အလုပ်သမားဝန်ကြီးဌာန စုပေါင်းခန်းမ၌ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင်၊ ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် အရာထမ်း၊ အမှုထမ်းများ တက်ရောက်ကြသည်။

**ပူးပေါင်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့ရိုးရာမဟာသင်္ကြန်ပွဲတော်အထိမ်းအမှတ် နေပြည်တော် မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်တွင် ဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့အနေဖြင့် အောင်အောင်မြင်မြင် ဖျော်ဖြေနိုင်ရန် ဝန်ကြီးဌာနအနေဖြင့် လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးထားပြီးဖြစ်၍ ယိမ်းအဖွဲ့ဝင်များက ဝန်ကြီးဌာန၏ ဂုဏ်ကိုမြှင့်တင်သည့်အနေဖြင့် အထူးကြိုးစား ကပြဖျော်ဖြေသွားကြရန်နှင့် ညီညွတ်စွာ ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။





ထို့နောက် ပြည်ထောင်စုဝန်ကြီးက အလုပ်သမားဝန်ကြီးဌာနကိုယ်စားပြု ယိမ်းအဖွဲ့နှင့် အကနည်းပြဆရာမအား ဂုဏ်ပြုဆုငွေ ပေးအပ်ချီးမြှင့်ပြီး ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ယိမ်းအဖွဲ့အား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး(၂/၂၀၂၄) ကျင်းပ

**နေပြည်တော် မေ ၁၀**

ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ အစည်းအဝေး (၂/၂၀၂၄)ကို ယနေ့ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာဗဟိုအဖွဲ့ဥက္ကဋ္ဌ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် ဗဟိုအဖွဲ့ အဖွဲ့ဝင်များ၊ အထူးဖိတ်ကြားထားသူများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ကျန်းမာရေးစောင့်ရှောက်မှုများကို နိုင်ငံတော်မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိသကဲ့သို့ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရန် အားဖြည့်ဆောင်ရွက်လျက်ရှိပြီး တစ်ဖက်တွင်လည်း ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းများ တည်ဆဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ တည်ထောင်ဖွင့်လှစ်နိုင်ရေး ပုဂ္ဂလိက ကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် စဉ်ဆက်မပြတ် ထိန်းကျောင်းကြပ်မတ်လျက်ရှိပါကြောင်း၊ လိုင်စင်စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်သည့် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကဏ္ဍတွင် ဝန်ဆောင်မှုပေးနေသော ကျန်းမာရေးစောင့်ရှောက်မှုပေးနေသူများ သက်တမ်းရှိ သတ်မှတ်လိုင်စင်ရှိစေရေး၊ တည်ဆဲဥပဒေများနှင့် ငြိစွန်းထားသူများ မဖြစ်စေရေးတို့အတွက် မြန်မာနိုင်ငံဆေးကောင်စီ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာဆေးကောင်စီနှင့် မြန်မာနိုင်ငံသူနာပြုနှင့်သားဖွားကောင်စီများနှင့် ချိတ်ဆက်စိစစ်လျက်ရှိပြီး လူ့စွမ်းအားအရင်းအမြစ်များ မှန်ကန်စွာအသုံးချနိုင်ရေးအတွက် မူဝါဒများ ချမှတ်ပေးလျက်ရှိပါကြောင်း။

လိုအပ်သော အထူးကုသမှုများအတွက် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း ပူးပေါင်းလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ မရှိမဖြစ် ဆေးဝါးများ ဈေးကွက်အတွင်း ပြတ်လပ်မှုမရှိစေရေး၊ ဆေးဝါးများဈေးနှုန်း တည်ငြိမ်မှု ရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်လျက်ရှိပါကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့အနေဖြင့် တစ်နိုင်ငံလုံးတွင် ပုဂ္ဂလိကဆေးရုံ ၂၈၇ ခု၊ သားဖွားခန်း ၄၁ ခု၊ အထူးခတ်ခွဲ ၇၅ ခု၊ အထူးခတ်မှန် ၁၈ ခု၊ သူနာပြုစုရေးဂေဟာ လေးခု၊ နယ်လှည့်ကျန်းမာရေးလုပ်ငန်း ရှစ်ခု၊ ကျန်းမာရေးအကျိုးဆောင်လုပ်ငန်း ၁၉ ခု၊ အထွေထွေကျန်းမာရေးလုပ်ငန်း ၁၉ ခု ခွင့်ပြုပေးခဲ့ပြီး မြေပြင်တွင် လုပ်ငန်းလိုင်စင်မရှိသောလုပ်ငန်းများ လိုင်စင်လျှောက်ထားစေရေးအတွက် တွန်းအားပေးဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ လိုင်စင်စည်းကမ်းများကို လိုက်နာမှုမရှိ၍ စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူထားသော လုပ်ငန်းပေါင်း ၃၁ ခု၊ အမှုရေးဖွင့်သောလုပ်ငန်းပေါင်း ခြောက်ခုရှိကြောင်း၊ ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းစေရေးအတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းဆိုင်ရာ ဗဟိုအဖွဲ့ဝင်များအနေဖြင့် ဝိုင်းဝန်းဆွေးနွေးပေးကြရန်နှင့် ကောင်းမွန်သော အကြံပြုချက်များပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုအဖွဲ့အတွင်းရေးမှူး ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏာစိုးက ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် အထူးကိစ္စရပ်များကိုလည်းကောင်း၊ ဗဟိုအဖွဲ့ တွဲဖက်အတွင်းရေးမှူး၊ ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ကုသရေး) ဒေါက်တာမိုးခိုင်က ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းလိုင်စင် (အသစ်) လျှောက်ထားလာသည့် ကိစ္စရပ်များကိုလည်းကောင်း တင်ပြကြရာ ဗဟိုအဖွဲ့ အဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပ

**နေပြည်တော် ဧပြီ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားများကို ယနေ့နံနက် ၁၀ နာရီတွင် တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးနှင့်ပြည်နယ် ဝန်ကြီးချုပ်များက အမှာစကားပြောကြားပြီး အလှူရှင်များက ပေးအပ်လှူဒါန်းသည့် အလှူငွေနှင့် စာအုပ်စာစောင်များကို လက်ခံကြသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကချင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် သိန်း ၁၀၀၊ ကယားပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၆၅ သိန်းနှင့် စာအုပ်စာစောင် ၂၀၀၊ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၀၀၅၅၀၀၀ နှင့် စာအုပ်စာစောင် ၂၁၄၈ အုပ်၊ ချင်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၁၂၇၈၀၀၀၀၊ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၁၂၁၆၁၀၀ နှင့် စာအုပ်စာစောင် ၂၂၃၀၊ တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၂၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၆၄၇ အုပ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၄၂၃ သိန်းနှင့် စာအုပ်စာစောင် ၃၀၀၀၊ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၃၂၃၉၀၀၀၀ နှင့် စာအုပ်စာစောင် ၃၅၆ အုပ်၊ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၂၀၈၁၀၀၀၀ နှင့် စာအုပ်စာစောင် ၄၀၀၈ အုပ်၊ မွန်ပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် သိန်း ၃၀၀ နှင့် စာအုပ်စာစောင် ၅၀၀၊ ရခိုင်ပြည်နယ် အစိုးရအဖွဲ့နှင့်အလှူရှင်များက ငွေကျပ် ၁၁၉ သိန်းနှင့် စာအုပ်စာစောင် ၂၉၇ အုပ်၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၈၂၇၄၀၀၀၀ နှင့် စာအုပ်စာစောင် ၄၈၂၀၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၄၂၄၁၁၅၈၀ နှင့် စာအုပ်စာစောင် ၂၀၃၅ အုပ်၊ ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် အလှူရှင်များက ငွေကျပ် ၉၁၆၅၀၀၀ နှင့် စာအုပ်စာစောင် ၁၀၆၁၃ အုပ်တို့ကို ပေးအပ်လှူဒါန်းကြရာ တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြသည်။

အခမ်းအနားအပြီးတွင် တိုင်းဒေသကြီး၊ ပြည်နယ်ဝန်ကြီးချုပ်များနှင့် တာဝန်ရှိသူများသည် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ကယားပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။




ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။




ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဝုန်ဆွန်းထန် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော် အလှူငွေနှင့် စာအုပ်စာစောင်များလက်ခံရယူစဉ်။




တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။

စာမျက်နှာ ၉ သို့ ❍

❍ စာမျက်နှာ ၈ မှ



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။




မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။



ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင် အလှူငွေနှင့် စာအုပ်စာစောင်များ လက်ခံရယူစဉ်။



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို လှည့်လည်ကြည့်ရှုစဉ်။

# မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မီဒီယာဖြစ်သည့်အားလျော်စွာ မီဒီယာကဏ္ဍအတွက် အားမာန်အပြည့် ဆောင်ရွက်သွားကြရမည်

**နေပြည်တော် မေ ၁၀**

ပြန်ကြားရေး ဝန်ကြီးဌာန ဝန်ကြီးရုံး၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြန်ကြားရေး ဝန်ကြီးဌာနစုဝေးခန်းမ၌ ကျင်းပသည်။




ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးရုံး၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

**တက်ရောက်**

နှစ်ပတ်လည်နေ့ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးရဲတင့်နှင့် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ ဆုရရှိသူများနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ဦးစွာ "ပူးပေါင်းဆောင်ရွက်မှု အားကောင်းစေရမည့်ဝန်ကြီးရုံးရဲ့



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စံပြဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဦးရဲတင့် ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။



ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်း ထူးချွန်ဆုရရှိသူ တစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

စွမ်းဆောင်ရည်" မှတ်တမ်းဗီဒီယိုကို ပြသသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက မိမိတို့ ဝန်ကြီးဌာနသည် ဝန်ကြီးဌာန၏ မူလတာဝန်များအပြင် ရုပ်ရှင်၊ ဂီတ၊ စာပေနှင့်သက်ဆိုင်သည့် ကဏ္ဍများ တိုးတက်ရေး အပါအဝင် နိုင်ငံတော်နှင့် သက်ဆိုင်သည့် ကဏ္ဍတိုင်းတွင် တက်တက်ကြွကြွ ပါဝင်ထမ်းဆောင်လျက် ရှိပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၊ မီဒီယာဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းဟူသည့် ဌာနကြီးငါးခုကို ထိန်းညှိကွပ်ကဲပြီး အထက်ဌာနနှင့် ဆက်သွယ်ချိတ်ဆက် ဆောင်ရွက်ရပါကြောင်း၊ ဝန်ကြီးရုံးသည် ဝန်ကြီးဌာန ပုံရိပ်ကောင်းမွန်အောင် ရှေ့မှဦးဆောင်တာဝန်ထမ်းဆောင်နေရသည့် အတွက် ဝန်ကြီးရုံး ဝန်ထမ်းများသည် အရည်အသွေး ထူးချွန်ထက်မြက်ပြီး အမှားအယွင်းမရှိအောင်အောင်မြင်မြင် ဆောင်ရွက်နိုင်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းနေရမည် ဖြစ်ပါကြောင်း။

ဝန်ကြီးဌာန လုပ်ငန်းများကို မှန်မှန်ကန်ကန် အောင်အောင်မြင်မြင် ဖြစ်စေရန်အတွက် Check၊ Recheck၊ Counter Check ဖြင့် စိစစ် ဆောင်ရွက်နေရမည်ဖြစ်ပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် ရုံးလုပ်ငန်းများ စနစ်ကျစေရန်၊ လုံခြုံမှုရှိစေရန် အမြဲဂရုပြုဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ထို့ပြင် မိမိတို့ဝန်ကြီးဌာနသည် နိုင်ငံတော်မီဒီယာဖြစ်သည့်အားလျော်စွာ မီဒီယာကဏ္ဍအတွက် အားမာန်အပြည့် ဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်မီဒီယာအနေဖြင့် ယနေ့နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့် ကိစ္စရပ်များတွင် တချို့သူများ၏ အစွန်းရောက် တွေးခေါ်လုပ်ဆောင်နေမှုများကို ပြည်သူများ အမှန်အတိုင်းနားလည်သိရှိစေရေး၊ ပြည်သူများ စိတ်ဓာတ်ပြိုကွဲစေရန် ရည်ရွယ်သည့် သတင်းတု၊ သတင်းမှားများကို တုံ့ပြန်ဆောင်ရွက်ရေးတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း။

မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများအနေဖြင့် နိုင်ငံတော်အတွက် ပို၍ ကြိုးစားဆောင်ရွက်သွားကြရန်နှင့် စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ ယုံကြည်မှုရှိရှိဖြင့် ရှေ့ဆက် ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ပြည်သူ့ စစ်မှုထမ်းဥပဒေနှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြီး မိမိတို့သိရှိသည်များကို မိမိတို့ မိသားစု၊ ပတ်ဝန်းကျင်တွင် အသိပညာများ မျှဝေပေးကြရန်နှင့် ကောလာဟလများနှင့် သတင်းတု၊ သတင်းမှားများကြောင့် စိုးရိမ်ပူပန်မှုမရှိစေရေး ဆွေးနွေးအသိပေးကြရန် ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က မိမိတို့ဝန်ကြီးဌာနမှ ဝန်ထမ်းများ လုပ်ငန်းအောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်နေမှုများကို အသိအမှတ်ပြုပါကြောင်း၊ လုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုအပ်ချက်အနည်းဆုံးဖြစ်စေရန် ဆက်လက်ကြိုးပမ်းကြစေလိုပါကြောင်း၊ အားနည်းချက်များကို ပြုပြင်ဆောင်ရွက်ရင်း ညီညီညွတ်ညွတ် စည်းစည်းလုံးလုံးဖြင့် ဆောင် ရွက်ပါက ပိုမိုတိုးတက်သည့် ဌာနတစ်ခု ဖြစ်လာမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက ဝန်ကြီးရုံးသည် ဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းများကို စုစည်းဆောင်ရွက်ပေးရသည့် ဌာနတစ်ခုဖြစ်သည့်အတွက် လုပ်ဆောင်ရသည့် လုပ်ငန်းများ များပြားပါကြောင်း၊ များပြားလှသည့် တာဝန်များကို အောင်မြင်အောင် ထမ်းဆောင်နေကြသည့် ဝန်ထမ်းများကို ဂုဏ်ပြုပါကြောင်း ပြောကြားသည်။

**ထောက်ပံ့ပေးအပ်**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက စံပြဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်းစိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူးနှင့် ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်သီသီခိုင်တို့ကို ဂုဏ်ပြုဆုများ ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် တူညီဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးရဲတင့်က ဌာနခွဲများအလိုက် ထူးချွန်ဆုရရှိကြသည့် အုပ်ချုပ်ရေးနှင့် လူ့အရင်းအမြစ်စီမံခန့်ခွဲမှုဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်စုသန္တာ၊ မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်း စစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ဇင်မြတ်မွန်၊ စီမံကိန်းနှင့် စာရင်းအင်းဌာနခွဲမှ ကွန်ပျူတာ လုပ်ဆောင်ရေးမှူး ဦးရန်နိုင်ထွန်း၊ ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဒုတိယ ဦးစီးမှူး ဦးဝေလင်းအောင်၊ ပြည်တွင်း၊ ပြည်ပ ဆက်ဆံရေးနှင့် သတင်း ပြန်ကြားရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်ခင်သန်းမြင့်နှင့် e-Government ဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်အေးမြတ်မြတ်မိုးတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် အခြေခံစားကုန်များ ထောက်ပံ့ပေးအပ်သည်။

**ဆုများပေးအပ်ချီးမြှင့်**

ဆက်လက်၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်မင်းထွန်းက Basic Networking Course သင်တန်းတွင် ဒုတိယဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်းစစ်ဆေးရေးဌာနခွဲမှ ဦးစီးအရာရှိ ဦးခင်မောင်ထူး၊ နိုင်ငံ့ဝန်ထမ်း တက္ကသိုလ် (အထက်မြန်မာပြည်) အရာထမ်း အခြေခံသင်တန်း အမှတ်စဉ်(၆၇) (သေနတ်ပစ်ထူးချွန်ဆု) ရရှိသည့် ဌာနတွင်း စာရင်းစစ်နှင့် ဘဏ္ဍာရေးဌာနခွဲမှ ဦးစီးအရာရှိ ဒေါ်လွဲ့လွဲ့သင်းနှင့် ၂၀၂၃ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက ကြီးမှူးကျင်းပသော မှတ်မိစွဲထင် တရုတ်ခရီးစဉ် ဆောင်းပါး ဓာတ်ပုံပြိုင်ပွဲနှင့် ဗီဒီယိုအတိုပြိုင်ပွဲတွင် ပထမဆုရရှိသည့် မူဝါဒနှင့် ဥပဒေလုပ်ထုံးလုပ်နည်း စိစစ်ရေးနှင့် လုပ်ငန်း စစ်ဆေးရေးဌာနခွဲမှ ဒုတိယဦးစီးမှူး ဒေါ်ချစ်ကြည်ဖြူတို့ကို ဆုများပေးအပ်ချီးမြှင့်ပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ကြေးငွေများ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများက ဝန်ထမ်းများကို ငွေသားကံစမ်းမဲများ ဖောက်ပေးပြီး ထူးချွန်ဆုရရှိသူများနှင့် မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# အရေးကြီးတဲ့ သိစရာအချက်

ဗညားကျန်းထော

ဒီလိုဗျ။ အသက်နည်းနည်းကြီးလာတော့ ရပ်ကွက်ထဲမှာ ဘာသာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ရပ်ရေးရွာရေးတွေ တိုင်ပင်ညှိနှိုင်းဆွေးနွေးကြတဲ့ အခါ အသက်ကြီးတဲ့ အဘိုးအိုတစ်ယောက်အနေနဲ့ ပြောစရာရှိပြောပါ၊ အကြံပေးစရာရှိပေးပါဆိုပြီး လာခေါ်လေ့ရှိပါတယ်။ အချိန်အားရင်သွားပါတယ်။ ကိုယ့်အလုပ်နဲ့ကိုယ် လုပ်စရာကိုင်စရာတွေရှိနေရင်လည်း မသွားတဲ့အခါ မသွားပါဘူး။ ဖတ်ချင်တာတွေက များနေတုန်းပဲ။

သွားတဲ့အခါလည်း စကားဝိုင်းထဲမှာ ဝင်မပြောဖြစ်ပါဘူး။ ကြားရသိရအောင် ထိုင်နားထောင်ပြီး ပြန်ခဲ့တာပါပဲ။ နားကန့်စ်ပေါက်ပါပေမယ့် လျှာက တစ်ခုပဲပါလေတော့ ချွေတာရတာပေ့ါ။ နေရာတကာ ပါလေရာလုပ်လို့လည်း မသင့်ဘူးမဟုတ်လား။ ကိုယ့်အလုပ်မဟုတ်တာတွေ၊ ကိုယ်မသိတာ၊ နားမလည်တာတွေက အများသားပဲ။ မသိတာ၊ မပိုင်တာ၊မဆိုင်တာဆိုဝေးဝေးနေတာပဲကောင်းတယ်လေ။

ပြောဖို့ရာ အခြေအနေပေးလာတယ်။ အချိန်အခါလည်းသင့်တယ်။ တက်ရောက်လာကြသူတွေက လိုလိုချင်ချင် လိုလိုလားလားနဲ့ လေးလေးစားစား နားထောင်ချင်လို့ပါ တောင်းဆိုတာမျိုးဆိုရင်တော့ ပြောပါတယ်။ တိုတိုပြောသင့်တယ်ထင်ရင် တိုတိုပေ့ါ။ ရှည်ရှည်ပြောမှ သင့်မယ်ထင်ရင်လည်း သာဓကယုတ္တိ၊ သဘာဝယုတ္တိ၊ ဇာတ်ကြောင်း ဇာတ်လမ်းရသပါတာလေးပါထည့်ပြီး ပရိသတ်ရင်ထဲရောက်အောင် ပြောလိုက်ရတာပေ့ါ။ နားထောင်ချင်သူ ကျေနပ်ပါစေတော့။

**လေးချက်ကို အကဲခတ်ပြီးမှ**
**ဆီလျော်သင့်တော်အောင်ပြောရ**

စကားပြောတာပဲ ဖြစ်ဖြစ်၊ စာရေးတာပဲဖြစ်ဖြစ် အတိုအရှည်၊ အလေးအပေ့ါ၊ အစိပ်အကျဲ၊ အကြောင်းအရာနဲ့ ရည်ရွယ်ချက်၊ အချက်အလက် ထည့်သွင်းပုံ ဆိုတာတွေက ရတဲ့အချိန်ရယ်၊ အခြေအနေရယ်၊ ပရိသတ်ရယ်၊ ပရိသတ်ရဲ့ နားထောင်လိုစိတ်ရယ်၊ ဒီလေးချက်ကို အကဲခတ်ပြီးမှ ဆီလျော်သင့်တော်အောင်ပြောရတာမျိုး၊ ရေးရတာမျိုး။ ကိုယ့်စိတ်ထဲရှိရာ၊ ထင်တာတွေ စွတ်ပြောလို့မရဘူး။

ဒီလူတွေကိုပဲ အရင်ကပြောခဲ့ဖူးပြီးသား အကြောင်းအရာ၊ ရည်ရွယ်ချက်၊ အချက်အလက်ရှိခဲ့တယ်ဆိုပြန်ရင် မထပ်အောင်ရှောင်ရပါသေးတယ်။ သိပြီးသားတွေပဲ မိမိကထပ်ကာထပ်ကာ ပြောနေလို့ မဖြစ်ပါဘူးလေ။ အပြောင်းအလဲ အသစ်အဆန်း အခြားအကြောင်းအရာပြောင်းပြီး ပြောမှသင့်မှာပေ့ါ။ ဒီလိုတော့ ရှိပါတယ်။

**“သမ္မပ္ပဓာန်တရား လေးပါး”** ဆိုတာကိုတော့ တစ်ကြိမ်တစ်ခါပြောဖူးပေမယ့် ထပ်ပြောပါဦး တောင်းဆိုဖူးကြလို့ မှတ်မှတ်ရရ နှစ်ကြိမ်၊ သုံးကြိမ် ပြောပြရဖူးပါတယ်။ ဒါဟာ **“ကောင်းစွာအားထုတ်ခြင်း ဝီရိယလေးပါး”**ပါ။ ပါဠိလို ဥပ္ပန္နပါပက အနုပ္ပါဒါယဝါယမ အစရှိတဲ့ ပါဠိဝေါဟာရတွေကိုတော့ မိမိကစာရွက်သေးသေးလေးနဲ့ မှတ်လာခဲ့ပေမယ့် လူအများကို ပြောရာမှာတော့ ထည့်မပြောတော့ပါ။ နားရှင်းအောင် နားလည်လွယ်အောင်မြန်မာလိုအနက်ကိုသာ ပြောလေ့ရှိပါတယ်။သမ္မပ္ပဓာန်လေးပါးဆိုတာ–

၁။ **မဖြစ်သေးတဲ့ မကောင်းမှုကိုမပြုမိအောင် ကြိုးစားရှောင်ခြင်း**

၂။ **ပြုဖူးခဲ့တဲ့မကောင်းမှုမျိုးကို (ပြန်သတိရမနေဘဲ)တစ်ခါတည်း စွန့်ပစ်ထားခြင်း၊ ထပ်မပြုမိဖို့ သတိထားရှောင်ခြင်း**

၃။ **မပြုဖူးသေးတဲ့ ကုသိုလ်တရားတွေကို ပြုဖြစ်အောင် ကြိုးစားအားစိုက်ခြင်း**

၄။ **ပြုဖူးခဲ့တဲ့ ကုသိုလ်အစုစုကိုလည်း အဖန်ဖန်အထပ်ထပ် အောက်မေ့ပွားများသတိရအောင် အားထုတ်ခြင်း။**

ဒီလေးချက်ကို လူတိုင်းမသိပါ။ ကြားဖူးသူတွေက အခြားလူတွေပါ ကြားသိစေချင်လို့ထပ်ပြောပြပေးပါဦး၊ ရှင်းပြပါဦး မေတ္တာရပ်ခံလေ့ရှိကြတယ်။ ဒါကတော့ ဓမ္မာရုံလိုနေရာမျိုးမှာ အသက်အရွယ်ကြီးရင့်ကြတဲ့ ပရိသတ်ကို ပြောလေ့ရှိတဲ့ စကားမျိုး နမူနာ ပြောပြတာပါ။ နေရာတိုင်းမှာ ပြောလို့မရပေ။

လူငယ်လူရွယ်တွေများတဲ့ အစုအဝေးမှာ စကားပြောဖို့ ကြုံလာရင်တော့ သမ္ပဒါတရား ငါးပါး၊ သီလအကျင့် ပြည့်စုံခြင်းအားဖြင့် ရတဲ့ကောင်းကျိုးတရား ငါးပါးတို့ကို ဆွေးနွေးပြောပြလေ့ရှိပါတယ်။ အကြောင်းတိုက်ဆိုင်ရင် မေးမြန်းလာရင် သင်္ဂဟတရား လေးပါးဆိုတာလည်း ဖြေရဖူးပါတယ်။ မှတ်မိလို့ ပြောတာပါ။

**“သမ္ပဒါတရား ငါးပါး”** ဆိုတာက–

၁။ ဉာတိသမ္ပဒါ – **ဆွေမျိုးတို့နဲ့ပြည့်စုံခြင်း**

၂။ ဘောဂသမ္ပဒါ – **စည်းစိမ်ဥစ္စာနဲ့ပြည့်စုံခြင်း**

၃။ အရောဂျသမ္ပဒါ – **အနာရောဂါ ကင်း၊ ကျန်းမာခြင်း**

၄။ ဒိဋ္ဌိသမ္ပဒါ – **အယူဘာသာမှန်ကန်ခြင်းနဲ့**

**“ယုံကြည်မှုဆိုတာ အားအကောင်းဆုံးပစ္စည်းပေ့ါ။ ယုံကြည်မှုကြောင့် စွန့်စားတယ်၊ ယုံကြည်ချက်အတွက် အနစ်နာခံစွန့်လွှတ်တယ်။ သဒ္ဓါတရားအရင်းတည်ပြီး ဒါန၊ လှူဒါန်း၊ ပေးဝေ၊ စွန့်လွှတ်မှုတွေ ကြီးမားစွာပြုလုပ်နိုင်ကြတယ်မဟုတ်ပါလား။ ပေးကမ်းလှူဒါန်းတဲ့ ကောင်းမှုကုသိုလ် အကျိုးဆက်အနေနဲ့ ယခုဘဝ၊ နောင်ဘဝတွေမှာ ချမ်းသာကြွယ်ဝ၊ ပြည့်စုံကြတာ ပင်မအကြောင်းခံ သဒ္ဓါတရား ယုံကြည်မှုကြောင့်ပေ့ါ။ ယုံကြည်တော့ပေးလှူတယ်၊ ပေးလှူတော့ ချမ်းသာတယ်။ (ဒါနတော ဘောဂဝါတဲ့) မိမိက သူတစ်ပါးကို မျှဝေပေးလှူနိုင်ခြင်း သဒ္ဓါတရားပြည့်စုံတော့ စိတ်ချမ်းသာတယ်လေ။ လူတွေဟာ သဒ္ဓါတရားရှိမှ ကြီးပွားချမ်းသာစမြဲပါပဲ။ ရှိလို့ လှူ၊ လှူလို့ရှိ၊ ချမ်းသာလို့ (သဒ္ဓါစိတ်ရှိရင်) ပေးဝေလှူဒါန်း၊ လှူဒါန်းတဲ့ ကံအကျိုးပေးကြောင့် ချမ်းသာပြည့်စုံ”**

၅။ သီလသမ္ပဒါ – **အကျင့်သီလနဲ့ပြည့်စုံခြင်းတို့ပါပဲ။**

သီလနဲ့ပြည့်စုံရင် ဘာဖြစ်မလဲ မေးသူကမေးတယ် သီလကိုယ်ကျင့်တရားသာ တကယ်ဖြူစင်ကောင်းမွန်စွာစောင့်ထိန်းသူဖြစ်ပါစေ၊ လူတွေ၊ နတ်တွေက ကြည်ညိုလေးစားချစ်ခင်ကြလို့ ကြီးပွားချမ်းသာ လိုအင်ဆန္ဒပြည့်ဝကြတာ သာဓကပြစရာတွေ အများကြီးပေ့ါ။ အခုကာလကော၊ ရှေးသရောအခါတွေမှာကော ရှိကြတာပေ့ါ။

**“သီလစောင့်ပြား အကျိုးငါးပါး၊ ဘုရားဟောတော်မူ”**ဆိုတဲ့ စကားရှိတယ်လေ။ မဟာပရိနိဗ္ဗာနသုတ်မှာ သီလရှိသူတို့ ခံစားရတဲ့ ကောင်းကျိုးငါးမျိုးကို ဟောခဲ့တယ်။

၁။ **များစွာသော စည်းစိမ်တို့ကို ရရှိတယ်။**

၂။ **ကောင်းသောသတင်း ကျော်စောခြင်း ဂုဏ်ကိုရတယ်။ အရပ်ရှစ်မျက်နှာကို ပန်းသတင်းကဲ့သို့ မွှေးရနံ့ပျံ့တယ်။**

၃။ **ပရိသတ်အလယ်မှာ ရဲရင့်ရှင်လန်းစွာနေရတယ်။**

၄။ **မတွေဝေ မမေ့မောဘဲ သေရတယ်။**

၅။ **သေပြီးနောက် နတ်ပြည်နတ်ရွာ ရောက်ရလားရတယ်။**

ဒါတွေဟာ လူငယ်တွေထဲ သိသူလည်းရှိ၊ မသိသူလည်းရှိတော့ မေးလာရင်ပြောပြရတာပေ့ါ။

ဟိုတစ်လောက အောင်မြင်ကြီးပွားရေးတွေ ဟောပြောနေတဲ့ ဘရိုင်ယန်ထရေစီ ဟောပြောနေတာ တစ်ပုဒ်ကောက်နုတ်ချက်ကို ဖုန်းထဲကတစ်ဆင့် နားထောင်လိုက်ရပါတယ်။ အတိုကောက်အနေနဲ့ အောင်မြင်မှုလမ်းစကို ‘ဒီ’သုံးလုံးလိုအပ်တယ်လို့ ရှင်းပြပါတယ်။

၁။ **Desire ဆန္ဒ၊ တောင့်တာမှု၊ အာသီသ**

၂။ **Decision အဆုံးအဖြတ်၊ ပြတ်သားမှု**

၃။ **Determination သန္နိဋ္ဌာန်၊ စိတ်ဓာတ်ကြံ့ခိုင်မှု**

ဟောပြောချက်ထုတ်လွှင့်တာက ကောက်နုတ်ချက်မျှသာဖြစ်တဲ့အတွက် ကျန်တဲ့အပိုင်းတွေ ကျန်ရှိနေသေးပုံတော့ ရပါတယ်။ မပြည့်စုံဘူး။ နားထောင်ရင်း ပါသင့်ပါထိုက်တဲ့ (မပါမဖြစ်) နောက် ‘ဒီ’တစ်လုံး ကျန်သေးတာကတော့

၄။ **Direction ဦးတည်ချက်၊ ရည်မှန်းချက်။**

ဘရိုင်ထရေစီလို အကြံပေးလမ်းညွှန်စကား ဟောပြောချက်တွေ နှစ်ပေါင်းများစွာ ရေးသား ဟောပြောပြီး ထင်ရှားအောင်မြင်ခဲ့တဲ့ပုဂ္ဂိုလ်ဟာ ဂေါတမဗုဒ္ဓ (ဘီစီ –၅၆၃– ၄၈၃) မြတ်စွာဘုရားရဲ့ တရားဒေသနာတော်တွေကို သူနှစ်သက်သည်ဖြစ်စေ၊ မနှစ်သက်သည်ဖြစ်စေ၊ လေ့လာမှတ်သားခဲ့မှာတော့ သေချာပါတယ်။ သူရေးသားတဲ့အချက်အလက်တွေထဲမှာ မြတ်စွာဘုရားရဲ့ တရားဓမ္မနိယာမ၊ သဘောသဘာဝ၊ အဆုံးအမတွေ အများကြီးပါဝင်နေကြောင်း တွေ့ရပါတယ်။ သူတစ်ယောက်တည်းမှ မဟုတ်ပါဘူး။ စာရေးဆရာ၊ ဟောပြောသူ၊ အောင်မြင်ထင်ရှားခဲ့သူ ပညာရှင်တွေဟာ ဗုဒ္ဓဘာသာဝင်ဟုတ်ချင်မှဟုတ်မယ်ဆိုသော်လည်း အနောက်နိုင်ငံသားတွေဟာ တရုတ်နဲ့ အိန္ဒိယအပါအဝင် ကမ္ဘာ့အရှေ့ပိုင်းဒေသ ရှေးဟောင်းယဉ်ကျေးမှုအတွေးအခေါ်တွေကိုတော့ ပစ်ပယ်ရှောင်လွှဲလို့မရပါ။

တရားဓမ္မထဲက အကြောင်းအချက်တွေကို ဆွေးနွေးပြောပြတဲ့အခါ စာတော်တော်ဖတ်တဲ့ လူငယ်တွေတချို့က သူတို့ကအနောက်တိုင်း တက်ကျမ်းဆရာတွေ ဖော်ပြလေ့ရှိတဲ့အချက်တွေမှာလည်း ဒါတွေကို အဆီအနှစ်အဖြစ်ဗဟိုပြုပြီး အကျယ်ရေးသားထားကြကြောင်း ပြောကြပါတယ်။ အနောက်တိုင်းက စာဖတ်သူအတော်များများက စာဖတ်သက်ရင့်လာရင် ဗုဒ္ဓရဲ့ဓမ္မပဒကျမ်းစာအုပ်ကိုတော့ မဖြစ်မနေလေ့လာဖူးကြပါတယ်။ သဘောကျနှစ်သက်လေ့ရှိကြပါတယ်။ နားမဝေးကြပါဘူး။ နိုင်ငံခြားမှာဆုံတွေ့ရတဲ့ ပုဂ္ဂိုလ်တချို့နဲ့ အကြောင်းအားလျော်စွာ ရောက်တက်ရာရာ ဆွေးနွေးပြောဆိုကြတဲ့အခါ ကျွန်တော်တို့ ပြောပြတဲ့ ဗုဒ္ဓဘာသာတရားဓမ္မတွေထဲက အယူအဆတွေကို အံ့သြလေးစားကြပါတယ်။

ဥပမာ–နေ့လယ်စာစားပွဲ၊ ညစာစားပွဲစကားဝိုင်းတွေမှာ အေးအေးဆေးဆေး ပေ့ါပေ့ါပါးပါး၊ လွတ်လွတ်လပ်လပ် စကားပြောဖြစ်ကြတဲ့အခါမျိုးဆိုရင် သူတို့ပြောတာလည်း နားထောင်ရတာပေ့ါ။ ကိုယ်မသိတာတွေ သူတို့ပြောမှ သိရမြင်ရတာတွေ ရှိပါတယ်။ တရားဓမ္မ အဆုံးအမတွေနဲ့ (လောကီရေးရာ) မြတ်စွာဘုရားဆိုမိန့်တာတွေဟာ သဘောတူလက်သင့်ခံရမယ့်အချက်တွေလို့ သူတို့ကပြောကြပါတယ်။

ကျွန်တော်က အာဠဝကသုတ်ထဲက အာဠဝက ဘီလူးရဲ့ အမေးသုံးချက်အနက် အလျဉ်းသင့်ရာသုံး၊ လေးချက်ကို ချပြဆွေးနွေးစေတာပေ့ါ။ ဆိုကြပါစို့။ ဥပမာ–လောကမှာသတ္တဝါတို့ရဲ့ အကောင်းဆုံးပစ္စည်းဟာ ဘာလဲဆိုတဲ့မေးခွန်းကို ဘုရားရှင်က သဒ္ဓါတရားလို့ တစ်ခွန်းတည်းဖြေခဲ့တာမျိုး။ သဒ္ဓါ(ပါဠိ) က **ယုံကြည်ခြင်း**၊ တစ်ဦးတစ်ယောက် (စကားကို) **အမှန်ဟုလက်ခံခြင်း။ စိတ်ချခြင်း၊ အားကိုးခြင်း။ ကြည်ညိုခြင်း။** အင်္ဂလိပ်လို Faith၊ Beliefi၊ Hope၊ Confidence၊ Dependence၊ Expectation၊ Reliance ၊ Trust စသဖြင့် နေရာအသုံးလိုက်လို့ ကွဲပြားတာတွေရှိတာပေ့ါလေ။

**“ယုံကြည်ခြင်း”**ဟာ အကောင်းဆုံးပစ္စည်းဖြစ်တယ်လို့ မြတ်စွာဘုရားရှင်ရဲ့ ဖြေကြားချက်ဟာ သေသေချာချာ ရှင်းပြလိုက်တဲ့အခါ သဘောပေါက်လက်ခံသွားကြပါတယ်။ ချက်ချင်းတော့ သူတို့နားမရှင်းပါ။ တကယ်တော့ ယုံကြည်မှုဆိုတာ အားအကောင်းဆုံးပစ္စည်းပေ့ါ။ ယုံကြည်မှုကြောင့် စွန့်စားတယ်၊ ယုံကြည်ချက်အတွက် အနစ်နာခံစွန့်လွှတ်တယ်။ သဒ္ဓါတရားအရင်းတည်ပြီး ဒါန၊ လှူဒါန်း၊ ပေးဝေ၊ စွန့်လွှတ်မှုတွေ ကြီးမားစွာပြုလုပ်နိုင်ကြတယ် မဟုတ်ပါလား။ ပေးကမ်းလှူဒါန်းတဲ့ ကောင်းမှုကုသိုလ် အကျိုးဆက်အနေနဲ့ ယခုဘဝ၊ နောင်ဘဝတွေမှာ ချမ်းသာကြွယ်ဝ၊ ပြည့်စုံကြတာ ပင်မအကြောင်းခံ သဒ္ဓါတရား ယုံကြည်မှုကြောင့်ပေ့ါ။ ယုံကြည်တော့ ပေးလှူတယ်၊ ပေးလှူတော့ ချမ်းသာတယ်။ (ဒါနတော ဘောဂဝါတဲ့) မိမိက သူတစ်ပါးကို မျှဝေပေးလှူနိုင်ခြင်း သဒ္ဓါတရားပြည့်စုံတော့ စိတ်ချမ်းသာတယ်လေ။ လူတွေဟာ သဒ္ဓါတရားရှိမှ ကြီးပွားချမ်းသာစမြဲပါပဲ။ ရှိလို့ လှူ၊ လှူလို့ရှိ၊ ချမ်းသာလို့ (သဒ္ဓါစိတ်ရှိရင်) ပေးဝေလှူဒါန်း၊ လှူဒါန်းတဲ့ ကံအကျိုးပေးကြောင့် ချမ်းသာပြည့်စုံ။

ဝီရိယအကျိုးလည်း မပါဘူးလား၊ ပါမှာပေ့ါ။ ပညာရဲ့အကျိုးရောမပါဘူးလား။ ပါမှာပါ။ ဘယ်သူဘယ်ဝါရဲ့မဟုတ်ပါဘဲ ကံကံရဲ့အကျိုးနိယာမ သဘောသဘာဝအရ ရှေးကဒါနကံရဲ့ အကျိုးပေးကြီးမားပုံကိုတော့ ဝီရိယတို့ ပညာတို့လည်း မယှဉ်နိုင်ကြ။ သဒ္ဓါကြောင့် ဒါနပြု၊ ဒါနကံကြောင့် ယခုဘဝ၊ နောက်ဘဝ စည်းစိမ်ချမ်းသာ (အရင်းတည်တော့ အတိုးအမြတ်ရခြင်းနိယာမ) ကောင်းကျိုးခံစားရတာပဲပေ့ါ။

ဒါက အာဠဝက ဘီလူးရဲ့မေးခွန်းအမှတ် (၁) ကို ဘုရားရှင်ဖြေကြားတော်မူတဲ့ (အရေးကြီးတဲ့ သိစရာအချက်) စကားလုံးတစ်ခွန်းပါ။ ဘုရားရှင်လက်ထက်တော်က မောင်ပုဏ္ဏဆိုတဲ့ လယ်သမားသူဌေးဖြစ်လာပုံ၊ ကာကဝလိယဆိုတဲ့ ဆင်းရဲသားချမ်းသာသွားပုံ၊ သုဒတ္တခေါ် အနာထပိဏ်သူဌေး၊ ဝိသာခါကျောင်းအစ်မ စသည်ဖြင့် သူဌေးသူကြွယ်များ ဘာကြောင့်ချမ်းသာကြွယ်ဝကြပါသလဲ။ စာဖတ်သူကော ချမ်းသာချင်ရင် ပေးလှူရမယ် ယုံကြည်မှု (သဒ္ဓါတရား) ရှိပြီလား။ ပန်း၊ ရေချမ်း၊ ဆွမ်းတို့ နေ့စဉ်မပြတ် လှူဒါန်းဆက်ကပ်လို့ ဆင်းရဲသွားသူ မရှိပါ။ ။

■

# ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစားစီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ၏ ဇနီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညို



နေပြည်တော် မေ ၁၀

ဥရောပအာရှစီးပွားရေးကော်မရှင် ဘုတ်အဖွဲ့ဝင်၊ အကြီးစား စီးပွားရေးနှင့် ပေါင်းစည်းရေးဝန်ကြီး H.E. Mr. Sergei GLAZEV ၏ ဇနီးနှင့် တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များ အနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား လာရောက်ဖူးမြော် ကြည်ညိုကြ သည်။

ဦးစွာ မော်ကွန်းတိုက်၌ မာရဝိဇယဘုရားကြီး တည်ထားကိုးကွယ်ပူဇော်ရခြင်း ရည်ရွယ်ချက်၊ ရုပ်ပွားတော်မြတ်ကြီးအား လုပ်ငန်းစဉ်အဆင့်ဆင့်ဖြင့် အောင်မြင်စွာ တည်ထားပူဇော်နိုင်ခဲ့မှု၊ ကျောက်စာရုံစေတီတော်များ တည်ထားဆောင်ရွက်ခဲ့မှု၊ သာသနာရေးဆိုင်ရာ အခမ်းအနားကြီးများ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခဲ့မှုအခြေအနေများနှင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အောင်မြင်စွာ တည်ထားပူဇော်နိုင်ရန် အဆင့်ဆင့်ဆောင်ရွက်ခဲ့မှုများကို ရုရှားဘာသာဖြင့် ဗီဒီယိုမှတ်တမ်းကိုပြသသည်။

## ဖူးမြော်ကြည်ညို

ထို့နောက် H.E. Mr. Sergei GLAZEV ၏ ဇနီးနှင့် တာဝန်ရှိသူများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော်ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း၌ လေ့လာကြည့်ရှုကြပြီး ဗုဒ္ဓဥယျာဉ်တော်အတွင်း တည်ဆောက်ထားရှိသည့် မော်ကွန်းတိုက်၊ ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိသာသနာ့ ဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီတော်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိကအဆောက်အအုံများကို ဆက်လက်ဖူးမြော် လေ့လာကြည်ညိုခဲ့ကြသည်။

သတင်းစဉ်

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၁-၄-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၇၉၅ | ၂၈၄၅ | ၂၈၄၀ | ၂၈၀၅ | ၂၈၄၅ | ၂၈၇၀ | ၂၈၅၅ | ၂၈၃၀ | ၂၉၃၀ | ၂၉၄၅ | ၂၈၃၅ | ၂၈၄၅ | ၂၈၈၀ | ၂၈၈၅ | ၂၈၈၅ | ၃၁၁၅ | ၃၃၀၀ |
| 95 Ron | ၂၉၀၅ | ၂၉၅၅ | ၂၉၅၅ | ၂၉၁၅ | ၂၉၅၅ | ၂၉၇၅ | ၂၉၆၀ | ၂၉၄၀ | ၃၀၄၀ | ၃၀၅၅ | ၂၉၄၅ | ၂၉၆၅ | ၂၉၉၀ | ၂၉၉၀ | ၂၉၉၅ | ၃၂၂၅ | ၃၄၁၀ |
| HSD (500 ppm) | ၂၄၀၀ | ၂၄၅၀ | ၂၄၄၅ | ၂၄၁၀ | ၂၄၅၀ | ၂၄၇၀ | ၂၄၇၀ | ၂၄၃၅ | ၂၅၅၅ | ၂၅၅၀ | ၂၄၄၀ | ၂၄၅၀ | ၂၄၈၅ | ၂၄၉၀ | ၂၄၉၀ | ၂၇၂၀ | ၃၇၂၅ |
| HSD (50 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |
| HSD (10 ppm) | ၂၄၄၅ | ၂၄၉၅ | ၂၄၉၅ | ၂၄၅၅ | ၂၄၉၅ | ၂၅၂၀ | ၂၅၁၅ | ၂၄၈၀ | ၂၆၀၀ | ၂၅၉၅ | ၂၄၈၅ | ၂၅၀၀ | ၂၅၃၀ | ၂၅၃၅ | ၂၅၃၅ | ၂၇၆၅ | ၃၇၈၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၀ | ၂၇၅၇ |
| 95 Ron | ၂၇၇၆ | ၂၈၆၅ |
| HSD (500 ppm) | ၂၂၈၆ | ၂၃၆၂ |
| HSD (50 ppm) | ၂၃၃၁ | ၂၄၀၇ |
| HSD (10 ppm) | ၂၃၃၁ | ၂၄၀၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

☆ ကျောဖုံးမှ

ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း (The Myanmar Terminal – TMT)၊ မြန်မာစက်မှုဆိပ်ကမ်း- ၂ (MIP2)၊ မင်းထက်မင်း (MHM) ဆိပ်ကမ်းနှင့် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း- ၃ (AIPT3) တို့မှ သင်္ဘောငါးစင်းဖြင့် ပြောင်းဖူးစေ့တန်ချိန် ၇၄၅၀၀ ကို တင်ပို့ခဲ့သည်။

အလားတူ အေးရှားဝေါလ်ဆိပ်ကမ်းမှ ယနေ့တွင် ရေထွက်ကုန်ပစ္စည်းများ၊ ဆန်၊ ပဲ၊ ချုပ်ပြီးအဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ သကြား၊ နှမ်း၊ ပြောင်း၊ ရော်ဘာနှင့် အထွေထွေကုန်ပစ္စည်းများကို တင်ပို့သွားမည်ဖြစ်သည်။

ထို့ပြင် မေ ၁၃ ရက်တွင် မင်းထက်မင်းဆိပ်ကမ်း (MHM) မှ သင်္ဘောနှစ်စင်းဖြင့် ပြောင်းဖူးစေ့ တန်ချိန် ၅၄၀၀၀၊ မေ ၁၅ ရက်တွင်လည်း Yangon International Gateway Terminal – YIGT ဆိပ်ကမ်းမှ ပြောင်းဖူးစေ့တန်ချိန် ၁၄၅၀၀ တို့ကို ဆက်လက်တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံဘိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဗန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

❋ ပဲခူးမှ

အဆိုပါ မိုင်းခွဲဖျက်ဆီးခံရမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသော အမှတ်(၈၁)အဆန် လူစီးရထားသည် မွန်းလွဲ ၁၂ နာရီ ၁၀ မိနစ်တွင် ကျိုက်ထိုဘူတာ၌ ခေတ္တရပ်နားခဲ့ရသည်။ မြန်မာ့မီးရထားက အဆိုပါရထားဖြင့် လိုက်ပါလာသော ခရီးသည် ၇၄၁ ဦးအား ယာဉ်ရှစ်စီးဖြင့် မွန်းလွဲ ၁ နာရီ ၁၀ မိနစ်မှစတင်၍ သထုံဘူတာသို့ ပို့ဆောင်ပေးခဲ့သည်။ ထို့အပြင် မော်လမြိုင်မှ ထွက်ခွာလာသည့် အမှတ်(၈၂) အစုန်ရထားသည် ယနေ့မွန်းလွဲ ၁၂ နာရီ မိနစ် ၅၀ တွင် သထုံဘူတာသို့ ရောက်ရှိခဲ့ရာ ကျိုက်ထိုမှ ယာဉ်ဖြင့် လိုက်ပါလာသည့် ခရီးသည်များအား တင်ဆောင်၍ မော်လမြိုင်ဘက်သို့ အမှတ်(၈၁) အဆန်ရထားအဖြစ် ပြန်လည်ထွက်ခွာ ပို့ဆောင်ပေးခဲ့သည်။ သထုံဘူတာတွင် ရောက်ရှိနေသည့် အမှတ်(၈၂)အစုန်ရထားဖြင့် လိုက်ပါလာသည့် ခရီးသည် ၂၉၈ ဦးအား ကျိုက်ထိုမှ ရောက်ရှိလာသည့် ယာဉ်များဖြင့် ကျိုက်ထိုဘူတာသို့ ပို့ဆောင်ပေးပြီး ရန်ကုန်သို့ အမှတ်(၈၂)အစုန်ရထားအဖြစ် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။

### လမ်းပိုင်းအမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး

မိုင်းပေါက်ကွဲမှုဖြစ်စဉ်ဖြစ်ပွားရာနေရာသို့ နယ်မြေဒေသတာဝန်ရှိသူများ၊ နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်တို့က အချိန်နှင့်တစ်ပြေးညီ နယ်မြေရှင်းလင်းစစ်ဆေးခြင်း၊ မြန်မာ့မီးရထားဝန်ထမ်းများကလည်း လမ်းချော်ကျသော စက်ခေါင်းနှင့်တွဲများအား မတင်၍ လမ်းပိုင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေး ရထားလမ်းပြန်လည်ပြုပြင်ခြင်း တို့ကို ဆောင်ရွက်လျက်ရှိသည်။



အကြမ်းဖက်သောင်းကျန်းသူအဖွဲ့က ထောင်ထားသည့်မိုင်း ပေါက်ကွဲခဲ့သဖြင့် ကျောက်ရထားစက်ခေါင်းနှင့်တွဲများ လမ်းချော်ကျမှု ဖြစ်ပွားခဲ့သည်ကို တွေ့ရစဉ်။

အလားတူ ယနေ့နံနက် ၆ နာရီ မိနစ် ၄၀ တွင် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် တောင်ငူဘူတာနှင့် သောင်းတိုင်ကုန်းဘူတာအကြား စီမံကိန်းလုပ်ငန်း ဆောင်ရွက်နေသော ရထားပြေးဆွဲမှုမရှိသည့် အစုန်လမ်းပေါ်၌ မိုင်းပေါက်ကွဲမှုတစ်ခုဖြစ်ပွားခဲ့သည်။ ဖြစ်ပွားရာနေရာသို့ နယ်မြေခံလုံခြုံရေးအဖွဲ့နှင့် တာဝန်ရှိသူများ သွားရောက်ခဲ့ပြီး ရှင်းလင်းမှုဆောင်ရွက်ရာ နံနက် ၉ နာရီခွဲတွင် ပြီးစီးခဲ့သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက်တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်/မိုင်းခွဲဖျက်ဆီးခြင်း အကြိမ် ၁၃၀၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၅၃ ကြိမ်၊ ဘူတာအဆောက်အအုံနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။

### အကြိမ်ကြိမ်ကျူးလွန်

နိုင်ငံတော်အစိုးရအနေဖြင့် အများပြည်သူ ခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းအခြေခံအဆောက်အအုံများ ပိုမိုကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ်ကို အဆင့်မြှင့်တင်နေသည့် စီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ စီမံဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြမ်းဖက်သောင်းကျန်းသူများကမူ နိုင်ငံတော်ပိုင်ရထားစက်ခေါင်းများ၊ တွဲများ၊ ရထားလမ်းများ၊ တံတားများ၊ ကုန်စည်များနှင့် ခရီးသည်များ ထိခိုက်ပျက်စီးစေရေး၊ ပြည်သူများ အသက်အန္တရာယ်ထိခိုက်ပြီး စိတ်မချမ်းမြေ့စေရေး၊ ရထားဖြင့် ခရီးသွားလာမှုမပြုရဲအောင် ခြိမ်းခြောက်ခြင်းတို့အပြင် ရန်ကုန်-မန္တလေး ရထားလမ်းအဆင့်မြှင့်တင်ရေး စီမံကိန်းလုပ်ငန်းများ အချိန်ပိုမိုကြန့်ကြာစေရေးတို့အတွက် ယုတ်မာပက်စက်သော ရည်ရွယ်ချက်များဖြင့် အကြိမ်ကြိမ်ကျူးလွန်နေကြသောကြောင့် အဆိုပါအကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာပက်စက်မှုများအပေါ် ဒေသခံပြည်သူတစ်ရပ်လုံးက ပြင်းထန်စွာ ဆန့်ကျင်ကန့်ကွက်ရှုတ်ချလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တောင်ကိုရီးယားနိုင်ငံ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများ ဆန္ဒမဲပေး




**ဆိုးလ် မေ ၁၀**

တောင်ကိုရီးယားနိုင်ငံ၏ အထွေထွေရွေးကောက်ပွဲ၌ ပြည်သူများက ဆန္ဒမဲပေးမှုများဆောင်ရွက်ခဲ့ပြီး မေ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် မဲရုံများ ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

ရွေးကောက်ပွဲကနဦးရလဒ်များအရ အဓိက အတိုက်အခံပါတီများသည် အမျိုးသားလွှတ်တော်နေရာ အများစုကို ဆက်လက် ထိန်းသိမ်းထားနိုင်ဖွယ်ရှိကြောင်း ဆန္ဒမဲပေးမှုများဆိုင်ရာ လူထုအသံလွှင့်ဌာန KBS က ကြေညာသည်။

အဆိုပါခန့်မှန်းချက်သည် ဆန္ဒမဲပေးမှုများဆိုင်ရာ လူထုအသံလွှင့်ဌာနနှင့် အခြားသော ရုပ်သံလိုင်းများမှ ကောက်ယူထားသော စစ်တမ်းများအပေါ် အခြေခံထားသည်။

အတိုက်အခံ ဒီမိုကရက်တစ်ပါတီနှင့် ၎င်း၏မဟာမိတ်တို့သည် စုစုပေါင်း နေရာ ၃၀၀ အနက် ၁၇၈ မှ ၁၉၆ နေရာရရှိရန် မျှော်လင့်ထားသည်။ အာဏာရပြည်သူ့ပါတီနှင့် ၎င်း၏မဟာမိတ်တို့သည် ၈၇ မှ ၁၀၅ နေရာအထိ ရနိုင်ဖွယ်ရှိသည်ဟု ဆန္ဒမဲပေးမှုများဆိုင်ရာ လူထုအသံလွှင့်ဌာနက ဆိုသည်။

တရားရေးဝန်ကြီးဟောင်း ချိုကွက်ခ်ဦးဆောင်သော ကိုရီးယားပြန်လည်တည်ဆောက်ရေးပါတီ (Rebuilding Korea Party)သည် အချိုးကျကိုယ်စားပြုစနစ်ဖြင့် အမတ်နေရာ ၁၂ နေရာမှ ၁၄ နေရာအထိ အနိုင်ရမည်ဟုလည်း ခန့်မှန်းထားသည်။

မေ ၁၀ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီအထိ ဆန္ဒမဲပေးမှုနှုန်းသည် ၆၄ ဒသမ ၁ ရာခိုင်နှုန်းရှိပြီး ယခင်ရွေးကောက်ပွဲထက် ၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်လာသည်။

တောင်ကိုရီးယားနိုင်ငံ၌ အထွေထွေရွေးကောက်ပွဲကို လေးနှစ်တစ်ကြိမ် ကျင်းပပြီး မဲဆွယ်စည်းရုံးရေးကာလကို ၁၃ ရက်ကြာ ကျင်းပသည်။

အတိုက်အခံ ဒီမိုကရက်တစ်ပါတီသည် သမ္မတယွန်ဆက်ယိုး၏ လက်ရှိကိုင်တွယ်ကျင့်သုံးလျက်ရှိသည့် နိုင်ငံ့စီးပွားရေးမူဝါဒနှင့် မြောက်ကိုရီးယားနိုင်ငံအပေါ်ထားရှိသည့် မူဝါဒများအပေါ် ဝေဖန်ခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုက်ခရိုဆော့ဖ်က ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံရင်းနှီးမြှုပ်နှံမည်

**တိုကျို မေ ၁၀**

အမေရိကန်နည်းပညာကုမ္ပဏီ မိုက်ခရိုဆော့ဖ်သည် ဂျပန်နိုင်ငံ၌ ဉာဏ်ရည်တုနည်းပညာလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေးအတွက် ကန်ဒေါ်လာ ၂ ဒသမ ၉ ဘီလီယံ ရင်းနှီးမြှုပ်နှံမည်ဖြစ်ကြောင်း ယနေ့အင်န်အိတ်ချ်ကေ သတင်းတစ်ရပ်အရ သိရသည်။

ယခုဆောင်ရွက်မည့်အစီအစဉ်အရ ဉာဏ်ရည်တုနည်းပညာအတွက် အရေးကြီးသော ဒေတာစင်တာ၏စွမ်းရည်ကို တိုးမြှင့်နိုင်ရေးအတွက် တိုကျိုနှင့် အိုဆာကာတို့တွင် အဆောက်အအုံများ တိုးချဲ့ဆောက်လုပ်ခြင်းများကို ဆောင်ရွက်မည်ဖြစ်ပြီး မိုက်ခရိုဆော့ဖ်မှ ထုတ်လုပ်သည့် အဆင့်မြင့်ဉာဏ်ရည်တုနည်းပညာသုံး တစ်ပိုင်းလျှပ်ကူးကိရိယာများကို ဂျပန်နိုင်ငံ၌ ဖြန့်ဖြူးမည်ဖြစ်သည်။

မိုက်ခရိုဆော့ဖ်သည် တိုကျိုတွင် သုတေသနစခန်းတစ်ခု ထူထောင်ရန်လည်း စီစဉ်ထားသည်။

**ကျွမ်းကျင်မှုသင်တန်းများ ပံ့ပိုးပေး**

ထို့ပြင် အမျိုးသမီးငယ်များအတွက် ဉာဏ်ရည်တုနည်းပညာကျွမ်းကျင်မှု အစီအစဉ်များနှင့် ဉာဏ်ရည်တုလုပ်ငန်းဆိုင်ရာ လုပ်သားများအတွက် ကျွမ်းကျင်မှုသင်တန်းများ ပံ့ပိုးပေးမည်ဟု ကုမ္ပဏီက ပြောကြားခဲ့သည်။ မိုက်ခရိုဆော့ဖ်သည် သတင်းအချက်အလက်မျှဝေခြင်း အပါအဝင် ဆိုက်ဘာလုံခြုံရေးဆိုင်ရာကိစ္စရပ်များတွင် ဂျပန်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်မည်ဖြစ်သည်။ မိုက်ခရိုဆော့ဖ်လုပ်ငန်းအကြီးအကဲဘရက်စမစ်သည် အမေရိကန်သို့ အလည်အပတ်ရောက်ရှိနေသည့် ဂျပန်ဝန်ကြီးချုပ် ကီရှီဒါနှင့် တွေ့ဆုံစဉ်တွင် ယင်းအစီအစဉ်များကို ဆွေးနွေးခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**

# ဆိုမာလီနိုင်ငံကမ်းရိုးတန်း၌ ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုများ ခြိမ်းခြောက်မှုအဖြစ်တည်ရှိနေ

**မိုဂါဒစ်ရှူး မေ ၁၀**

ဆိုမာလီနိုင်ငံကမ်းရိုးတန်း၌ ပင်လယ်ဓားပြများ၏ တိုက်ခိုက်မှုများသည် ခြိမ်းခြောက်မှုအဖြစ်တည်ရှိနေပြီး ယခုနှစ် ပထမသုံးလအတွင်း သင်္ဘောပြန်ပေးဆွဲမှုနှစ်ကြိမ် ဖြစ်ပွားခဲ့သည်ဟု နိုင်ငံတကာကုန်သည်များအသင်း၏ အပြည်ပြည်ဆိုင်ရာ ရေကြောင်းဗျူရိုက ပြောကြားသည်။

**သတိဝီရိယရှိကြ**

ဆိုမာလီကမ်းရိုးတန်းနှင့် အေဒင်ပင်လယ်ကွေ့ဒေသတို့တွင် သွားလာနေသည့် သင်္ဘောများအား သတိဝီရိယရှိကြရန် ၎င်းအဖွဲ့အစည်းက မှတ်ချက်ပြုပြောကြားသည်။ နိုင်ငံတကာရေကြောင်းသွားလာရေးကဏ္ဍတွင် ကုန်စည်များအဆင်ပြေစွာ ပို့ဆောင်နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရမည်ဟု နိုင်ငံတကာကုန်သည်များအသင်းအတွင်းရေးမှူးချုပ် ဂျွန်ဒန်တွန်က မှတ်ချက်ပြုပြောကြားသည်။

ရေယာဉ်များအား တင်းကျပ်သော ပင်လယ်ကူးဓားပြမှု တိုက်ဖျက်ရေးစည်းမျဉ်းများကို လိုက်နာပြီး ပင်လယ်ပြင်တွင် သံသယဖြစ်ဖွယ် တွေ့ရှိချက်များကို ဒေသဆိုင်ရာ အာဏာပိုင်များထံ သတင်းပို့ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ရန်တာဝန်ရှိသူများက ညွှန်ကြားထားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# ၂၀၂၄ ခုနှစ် မတ်လတွင် ကမ္ဘာ့အပူဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့

**ဘာလင် မေ ၁၀**

ဥရောပသမဂ္ဂ၏ ရာသီဥတုဆိုင်ရာ အေဂျင်စီ Copernicus ၏ အဆိုအရ ၂၀၂၄ ခုနှစ် မတ်လသည် ပြီးခဲ့သည့် ၁၀ လတာကာလအတွင်း ကမ္ဘာတစ်ဝန်းတွင် မှတ်တမ်းတင်ထားသမျှ အပူဆုံးလအဖြစ် မှတ်တမ်းဝင်ခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတစ်ရပ်အရ သိရသည်။




ကမ္ဘာတစ်ဝန်းရှိ ပျမ်းမျှမျက်နှာပြင်လေထုအပူချိန်သည် ပြီးခဲ့သည့်လတွင် ၁၄ ဒသမ ၁၄ ဒီဂရီစင်တီဂရိတ်သို့ ရောက်ရှိခဲ့ပြီး ၁၉၉၁-၂၀၂၀ ပြည့်နှစ်ကာလအတွင်းက မတ်လပျမ်းမျှအပူချိန်သုည ဒသမ ၇၃ ဒီဂရီစင်တီဂရိတ်ထက် ကျော်လွန်ခဲ့ကြောင်း Copernicus က ထုတ်ပြန်သော အစီရင်ခံစာတွင် မှတ်တမ်းပြုခဲ့သည်။

ကမ္ဘာကြီး ပိုမိုပူနွေးလာမှုကို ရပ်တန့်ရေးအတွက် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုကို လျင်မြန်စွာလျှော့ချရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

လွန်ခဲ့သော တစ်နှစ်တာကာလအတွင်း ကမ္ဘာ့ပျမ်းမျှအပူချိန်သည် စက်မှုခေတ် မတိုင်မီကထက် ၁ ဒသမ ၅၈ ဒီဂရီစင်တီဂရိတ် ပိုမိုမြင့်မားခဲ့ပြီး ၂၀၁၅ ခုနှစ် ပါရီရာသီဥတု သဘောတူညီချက်၏ သတ်မှတ်ထားသည့် သတ်မှတ်ချက်များထက် ကျော်လွန်ခဲ့သည်။

ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက် ကုလသမဂ္ဂ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ညီလာခံတွင် ကမ္ဘာကြီးပူနွေးလာမှုကို အဓိကပံ့ပိုးပေးနေသည့် ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုကို ဖြည်းဖြည်းချင်း ရပ်ဆိုင်းရန် တာဝန်ရှိသူများအကြား သဘောတူညီမှုရရှိခဲ့သည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများဖြစ်ပွားပြီးနောက် ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံ ၃၅ ရာခိုင်နှုန်း ပျက်စီးခဲ့

**ဂျေရုဆလင် မေ ၁၀**

အစ္စရေးနှင့် ဟားမတ်စ်တို့ကြား တိုက်ပွဲများဖြစ်ပွားပြီးနောက် ဂါဇာကမ်းမြောင်ဒေသရှိ အဆောက်အအုံ ၃၅ ရာခိုင်နှုန်း ပျက်စီးခဲ့ကြောင်း ဂြိုဟ်တုဓာတ်ပုံများ၏ ဖော်ပြချက်ကို ကိုးကားပြီး ကုလသမဂ္ဂဂြိုဟ်တုဗဟိုဌာနက ပြောကြားသည်။

**နှိုင်းယှဉ်**

ကုလသမဂ္ဂ ဂြိုဟ်တုဗဟိုဌာနသည် ဖေဖော်ဝါရီ ၂၉ ရက်က စုဆောင်းရရှိထားသော ဓာတ်ပုံများနှင့် တိုက်ပွဲများ မစတင်မီ ရိုက်ကူးထားသော ဓာတ်ပုံများကို နှိုင်းယှဉ်ခဲ့သည်။

ဂါဇာကမ်းမြောင်ရှိ အဆောက်အအုံ ၈၈၀၀၀ သို့မဟုတ် ၃၅ ရာခိုင်နှုန်းကျော် ပျက်စီးခဲ့ကြောင်း ကုလသမဂ္ဂဂြိုဟ်တုဗဟိုဌာနက ပြောကြားသည်။

အဆောက်အအုံ ပျက်စီးမှု၏ သုံးပုံတစ်ပုံကျော်သည် နိုဝင်ဘာ ၂၄ ရက်မှ စတင်ခဲ့သော ခုနစ်ရက်ကြာ အပစ်အခတ် ရပ်နားပြီးနောက် ပျက်စီးခဲ့ခြင်းဖြစ်သည်။

ယခု တိုက်ပွဲများ ဖြစ်ပွားမှုသည် ၂၀၀၈ ခုနှစ်မှ ၂၀၀၉ ခုနှစ်နှင့် ၂၀၁၄ ခုနှစ်အတွင်း ဖြစ်ပွားခဲ့သည့် တိုက်ပွဲများထက် ပိုမိုကြီးမားသော ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်စေသည်ဟု တိုကျိုတက္ကသိုလ်မှ တွဲဖက်ပါမောက္ခ ဆူဇူကီး ဟီရိုယူကီက ဆိုသည်။

ဟားမတ်စ်ကို ဖိအားပေးရန်အတွက် ဂါဇာကမ်းမြောင်ဒေသကို အစ္စရေးတပ်ဖွဲ့များက မြေပြင်ထိုးစစ်များအပါအဝင် လေကြောင်းတိုက်ခိုက်မှုများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်ဟု ဆူဇူကီး ဟီရိုယူကီက ပြောကြားသည်။

**ယုံကြည်မှု ထိခိုက်စေ**

အစ္စရေး၏ စစ်ဆင်ရေးဆောင်ရွက်မှုကို ရပ်တန့်ရန် ကမ္ဘာ့အသိုက်အဝန်း၏ ပျက်ကွက်မှုသည် ဂါဇာရှိပြည်သူများကို စိတ်ပျက်စေခဲ့ပြီး နိုင်ငံတကာစံနှုန်းများနှင့် ဥပဒေအပေါ် ၎င်းတို့၏ ယုံကြည်မှုကို ထိခိုက်စေကြောင်း ဆူဇူကီး ဟီရိုယူကီက ထပ်လောင်းပြောကြားသည်။

သို့သော် တိုက်ပွဲများ ပြီးဆုံးပြီးနောက် ဂါဇာကမ်းမြောင်၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် ကမ္ဘာ့အသိုက်အဝန်းက တက်ကြွစွာပါဝင်လာရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# နေပြည်တော်က ဝန်ထမ်းတွေ အရေးပေါ် အထုပ်အပိုးတွေပြင်ထား ခေါင်းစဉ်ဖြင့် သတင်းတု/သတင်းမှားဖြန့်ဝေကြောင်း စိစစ်တွေ့ရှိရ

နေပြည်တော် မေ ၁၀

နေပြည်တော်က ဝန်ထမ်းတွေ အရေးပေါ် အထုပ်အပိုးတွေပြင်ထားခေါင်းစဉ်ဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား(MRTV) အရာရှိတစ်ဦးက ပြောကြောင်း အရာရှိအမည်မဖော်ပြဘဲ The Nation Voice မီဒီယာဆိုသူက သတင်းလွှင့်တင် ဖော်ပြထားမှုအပေါ် ဌာနမှအရာရှိများအားလုံးအနေဖြင့် မည်သည့်မီဒီယာနှင့်မျှ ယင်းကဲ့သို့ ပြောကြားထားခြင်းမရှိကြောင်း၊ အလားတူ ၎င်းသတင်းပါ အကြောင်းအရာအား ညွှန်ကြားရေးမှူးချုပ်ထံသို့လည်း မည်သူကမျှ ဖုန်း/မက်ဆေ့ချ် ပြောကြား/ပေးပို့ထားခြင်းမရှိကြောင်း စိစစ်သိရှိရသဖြင့် ၎င်းမှာ သတင်းတု/သတင်းမှား ဖြန့်ဝေခြင်းသာဖြစ်ကြောင်း စိစစ်သိရသည်။

ထို့ကြောင့် မသမာသူများက နေပြည်တော်တွင် မြန်မာရိုးရာ မဟာသင်္ကြန်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်နေချိန်တွင် တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် အများပြည်သူ ပျော်ရွှင်မှုကို မလိုလားမရှုဆိတ်တို့ဖြင့် သတင်းတု/သတင်းမှား လုပ်ကြံထုတ်ပြန်ခြင်းသာဖြစ်ကြောင်း သိရသည်။ သတင်းစဉ်









## ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်များ တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား လက်နက်တပ်ဆင်ပေးခြင်းနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ခြင်းကို ယနေ့နံနက်ပိုင်းတွင် ကျောက်ပန်းတောင်းမြို့ရှိ နယ်မြေခံတပ်နယ်ခန်းမ၌ပြုလုပ်ရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ကျောက်ပန်းတောင်းတပ်နယ်မှ တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တာဝန်ရှိသူတစ်ဦးက အမှာစကားပြောကြားသည်။ ထို့နောက် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် လက်နက်များ တပ်ဆင်အပ်နှင်းပေးပြီး ထောက်ပံ့ပစ္စည်းများပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များကိုယ်စား တာဝန်ရှိသူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တာဝန်ရှိသူများသည် တပ်ဆင်ပေးအပ်လက်နက်များကို လိုက်လံကြည့်ရှုကြပြီး တက်ရောက်လာကြသည့် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။ သတင်းစဉ်

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၀

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

### အသိပေးသတင်းထုတ်ပြန်ခဲ့

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် မေ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် “မနှင်းအိမ်ခြံမြေ” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၈၅)ရပ်ကွက်နေ နှင်းနှင်းခိုင်အား ည ၈ နာရီ ၄၅ မိနစ်တွင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့မရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ သတင်းစဉ်



မြန်မာနိုင်ငံ အိမ်ခြံမြေ ဝန်ဆောင်မှုအသင်း (ဗဟို)က နှစ်သစ်ကူးမဟာသင်္ကြန်အကြိုစတုဒိသာ လှူဒါန်းပွဲအဖြစ် အသင့်စားဟင်းနှင့် ထမင်းဘူး ၁၇၅၀ နှင့် အအေးဘူးများ၊ ရေသန့်ဘူးများကို မေ ၁၀ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ကြားတောရလမ်း ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်ရှိ အဏ္ဏဝါမွှောရုံ၌ ကျင်းပစဉ်။ လင်းရာမ



လူဝင်မှု ကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန သန်လျင်မြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကိုကိုလွင်နှင့် ဝန်ထမ်းများ မေ ၁၀ ရက်က အောင်ချမ်းသာရပ်ကွက်၌ နိုင်ငံသားတစ်ဦး၏ ကိုယ်ရေးအချက်အလက်နှင့် ဇီဝဆိုင်ရာ အချက်အလက်များ ကွင်းဆင်းဆောင်ရွက်စဉ်။ တင်ဝင်းတင်

## ကော့သောင်း၌ ဇီဝဆိုင်ရာအချက်အလက် ကောက်ယူဆောင်ရွက်ပေးနေမှုများ ကြည့်ရှုစစ်ဆေး

ကော့သောင်း မေ ၁၀

တနင်္သာရီ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးသန့်ဇင်သည် ကော့သောင်းမြို့နယ်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ရုံးနှင့် မြို့နယ်ရုံးမှ ဝန်ထမ်းများအား ယမန်နေ့နံနက်ပိုင်းက ခရိုင်ဦးစီးမှူးရုံးတွင် တွေ့ဆုံခဲ့ကြောင်း သိရသည်။



### ကြည့်ရှုစစ်ဆေး

ထိုသို့တွေ့ဆုံရာတွင် လက်ရှိဆောင်ရွက်နေသော e-ID လုပ်ငန်း၊ ပန်းခင်းစီမံချက်အဆင့် (၃) ကွင်းဆင်းဆောင်ရွက်မှုလုပ်ငန်း၊ ဇီဝဆိုင်ရာအချက်အလက်ကောက်ယူရေး လုပ်ငန်းနှင့် သန်းခေါင်စာရင်းကောက်ယူရေးအတွက် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများတွင် ထပ်မံဖြည့်စွက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ လိုအပ်ချက်များနှင့် ပတ်သက်၍ တာဝန်ရှိသူ အဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့ပြီး ဇီဝဆိုင်ရာအချက်အလက် ကောက်ယူဆောင်ရွက်ပေးလျက်ရှိသည့် လုပ်ငန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မေ ၁၀

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ မိုး/ဇလ

**သက်ရှိကမ္ဘာရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# နေပြည်တော် လမ်းလျှောက်သကြ်ကန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယားအနုပညာရှင်များ နေပြည်တော်သို့ရောက်ရှိ



**နေပြည်တော် မေ ၁၀**

၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်အခါသမယတွင် မြန်မာ-ကိုရီးယားနှစ်နိုင်ငံ ယဉ်ကျေးမှုဖလှယ်နိုင်ရန်နှင့် ပြည်သူများအား ဖျော်ဖြေတင်ဆက်နိုင်ရန်အတွက် နေပြည်တော် လမ်းလျှောက်သင်္ကြန်တွင် ပါဝင်ဆင်နွှဲကြမည့် ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါဝင်သည့် ပထမအဖွဲ့သည် ယမန်နေ့ညပိုင်းက ရန်ကုန်မြို့သို့ ရောက်ရှိပြီး ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ သီးသန့်မော်တော်ယာဉ်များဖြင့် ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းက နေပြည်တော်ရှိ ရွှေစည့်သည်ဟိုတယ်သို့ ရောက်ရှိကြသည်။

အဆိုပါ ကိုရီးယား အနုပညာရှင်များအဖွဲ့အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ သင်္ကြန်ယိမ်းအဖွဲ့များက အတာရေပက်ဖျန်း၍ လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြပြီး ယင်းအဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားသို့ ရောက်ရှိကြရာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းမှ တိုင်းရင်းသား တိုင်းရင်းသူများက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုကြသည်။

ထို့နောက် Conference Room တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တာဝန်ရှိသူများနှင့် ကိုရီးယား K-pop အနုပညာရှင်များသည် ၂၀၂၄ ခုနှစ် မေ ၁၂ ရက် နေ့ညပိုင်းတွင် MRTV HD Channel မှရိုက်ကူးထုတ်လွှင့်မည့် နှစ်သစ်မင်္ဂလာ မဟာသင်္ကြန်ပွဲစဉ် (၃) တေးဂီတဖျော်ဖြေပွဲ Friday Night Live Show ၌ ပူးပေါင်းပါဝင် ဖျော်ဖြေနိုင်ရန်နှင့် မဟာသင်္ကြန်ပွဲတော်ကာလအတွင်း နေပြည်တော် လမ်းလျှောက်သင်္ကြန်၌ ကိုရီးယား K-pop အဆို၊ အကများဖြင့် တင်ဆက်နိုင်ရန်တို့အတွက်အသေးစိတ်ဆွေးနွေးကြသည်။

အဆိုပါ ကိုရီးယား K-pop အနုပညာရှင် ၂၄ ဦးပါ ပထမအဖွဲ့တွင် ရုပ်ရှင်/ရုပ်သံ ဇာတ်လမ်းတွဲပေါင်းများစွာရိုက်ကူးထားသည့် သရုပ်ဆောင်ဘတ်အွန်းဟီး၊ K-popအဆိုတော်များဖြစ်ကြသည့် Rejen၊ Henny နှင့် 7 Kids Doll Group ၊ Astel Dance Group နှင့် DJ-Saemi တို့ ပါဝင်ကြပြီး ၎င်းတို့အဖွဲ့မှ ငါးဦးပါအဖွဲ့သည် မေ ၁၁ ရက်တွင်လည်းကောင်း၊ ၁၉ ဦးပါ ဒုတိယအဖွဲ့သည် မေ ၁၄ ရက်တွင်လည်းကောင်း အသီးသီးထပ်မံရောက်ရှိကြမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော် ကျင်းပမှုများ MRTV မှ တိုက်ရိုက် (Live) ထုတ်လွှင့်တင်ဆက်မည်

**နေပြည်တော် မေ ၁၀**

မြန်မာနိုင်ငံတစ်ဝန်းတွင် ၂၀၂၄ ခုနှစ် မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် ၁၃၈၆ ခုနှစ် မြန်မာ့ရိုးရာယဉ်ကျေးမှု မဟာသင်္ကြန်ပွဲတော်တွင် ပြည်သူများ ပျော်ရွှင်စွာဆင်နွှဲကြပုံများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ရိုက်ကူးတင်ဆက်မည်ဖြစ်ရာ ထိုသို့ တင်ဆက်မှုများအနက်မှ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးမြို့တော်ဝန်မဏ္ဍပ်များနှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်တို့တွင် ဖျော်ဖြေတင်ဆက်မှုများကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် (Live) ရိုက်ကူးထုတ်လွှင့်မည်ဖြစ်သည်။

ထိုကဲ့သို့ ထုတ်လွှင့်ရာတွင် နေပြည်တော်မြို့တော်ဝန်မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Parliament Channel မှလည်းကောင်း၊ နေပြည်တော် လမ်းလျှောက်သင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV NRC Channel မှလည်းကောင်း၊ ရန်ကုန်မြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Farmers' Channel မှလည်းကောင်း၊ မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်၏ ဖျော်ဖြေတင်ဆက်မှုများကို MRTV Sports Channel မှလည်းကောင်း သင်္ကြန်အကြိုနေ့ မေ ၁၃ ရက်၊ သင်္ကြန်အကျနေ့ မေ ၁၄ ရက်၊ သင်္ကြန်အကြတ်နေ့ မေ ၁၅ ရက်နှင့် သင်္ကြန်အတက်နေ့ မေ ၁၆ ရက်တို့တွင် နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီနှင့် မွန်းလွဲ ၃ နာရီမှ ည ၇နာရီအထိ စီစဉ်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါနေပြည်တော်၊ရန်ကုန်၊မန္တလေးမြို့တော်ဝန် မဟာသင်္ကြန်မဏ္ဍပ်များနှင့် နေပြည်တော် လမ်းလျှောက်သင်္ကြန်တို့မှ ဖျော်ဖြေတင်ဆက်မှုများကို ထုတ်နုတ်စုစည်း၍ MRTV-HD Channel တွင် သင်္ကြန်အကြိုနေ့မှ သင်္ကြန်အတက်နေ့အထိ နေ့စဉ် မွန်းလွဲ ၂ နာရီခန့်နှင့် ညစဉ် ည ၉ နာရီခွဲခန့်တို့တွင် ထုတ်လွှင့်တင်ဆက်သွားမည်ဖြစ်သည်။

**MRTV**

## မွေးမြူရေးတိရစ္ဆာန်များ အပူရှိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူရှိန် ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်များကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသော တိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှုမရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါ ဖြစ်ပွားကျရောက်စေခြင်း မရှိစေရန်အတွက် ကာကွယ်ဆေးများပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့်အစာသိုလှောင်ထားသော နေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများ ထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်း အဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၁-၄-၂၀၂၄ ကြာသပတေးနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်နှင့်အဖွဲ့၏မေတ္တာသုတ်၊ရတနသုတ် တောရှုဂ်သုတ်၊အန္တရာယ်ကင်းပရိတ်တရားတော် |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၃၅ | ပန်းဆယ်မျိုးထဲမှမြန်မာ့လက်မှုပန်းပုပညာ အလက်ာ |
| ၀၉:၁၅ | NRC အစီအစဉ် (ကယား) |
| ၀၉:၂၅ | ဒါသကြိန်အဆို၊အကများ |
| ၁၀:၀၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ရတနာထိုက်စွာပယင်းရတနာ |
| ၁၁:၄၀ | Next Level |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ 'ချစ်သူအနားကချစ်လိပ်ပြာ' (အပိုင်း-၃၀) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၂) |
| ၁၆:၃၅ | Soccer View |
| ၁၇:၀၅ | ဒါသကြိန်အဆို၊အကများ |
| ၁၇:၂၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၃၅ | ဒါသကြိန်အဆို၊အကများ |
| ၁၉:၃၀ | မြန်မာဇာတ်လမ်းတွဲ 'အခမ်းနားဆုံးသစ်ပင်' (အပိုင်း-၈) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ဒါသကြိန်အဆို၊အကများ |
| ၂၁:၃၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၂၂) |
| ၂၂:၃၅ | မြန်မာဇာတ်လမ်းတွဲ 'အတိုးမပေးတဲ့နီးလေး' (အပိုင်း-၂) |

### mitv

| | |
|---|---|
| 07:01 | Evergreen Classic: Aung Zay Paing Zay (Ei Ei Mon, Ei Ei Chon) |
| 07:08 | From Bamboo Strip to Sublime Buddha |
| 07:31 | Nyaung Oo Phee Island |
| 07:53 | Myanmar-Korea Song (3) |
| 08:01 | News |
| 08:26 | Chef Life: Tun Tun |
| 08:40 | Healthy Diet: Detox Water |
| 08:49 | Thingyan Songs & Dances |
| 09:01 | Styles of Mro & Thet |
| 09:08 | Star Bean Production |
| 09:28 | Kyaukse Cement Plant |
| 09:42 | The Tasty Creator |
| 10:01 | News |

### MRTV NRC

**ရှမ်း (၀၆:၀၀ မှ ၀၈:၀၀)**
တန်ခူးလရဲ့သင်္ကြန် ရှမ်းဓလေ့ထုံးစံ

**ဝ (၀၈:၀၀ မှ ၁၀:၀၀)**
မြူးကြွတေးသံ NRC သင်္ကြန် (အပိုင်း-၁)

**ကချင် (၁၀:၀၀ မှ ၁၂:၀၀)**
ကြက်သားဆန်လှော်ချက်ကြမယ်

**ကယား (၁၂:၀၀ မှ ၁၄:၀၀)**
ရှမြင်စချင်ကော်ယော်(ဖိုန)တို့ရဲ့ဓလေ့အသွင်

**ဝကောကရင် (၁၄:၀၀ မှ ၁၅:၀၀)**
အရိုးပွရောဂါအကြောင်းသိကောင်းစရာ

**အနောက်ပိုးကရင် (၁၅:၀၀ မှ ၁၆:၀၀)**
မြူးကြွတေးသံ NRC သင်္ကြန် (အပိုင်း-၂)

**အရှေ့ပိုးကရင် (၁၆:၀၀ မှ ၁၇:၀၀)**
ဆွေညီနောင်များဘာသာစကားဖြင့် ချစ်ကြည်စေမည့် အပိမြန်မာပြည်(အပိုင်း-၂)

**ချင်း (လိုင်ဇိုး) (၁၇:၀၀ မှ ၁၈:၀၀)**
ဒါသကြိန်အဆိုအကများ

**ချင်း (ချိုး) (၁၈:၀၀ မှ ၁၉:၀၀)**
ချင်း(ချိုး)ဘာသာစကားပြောကြရအောင် (အပိုင်း-၂)

**မွန် (၁၉:၀၀ မှ ၂၁:၀၀)**
ဖြစ်တည်ထူးခြားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁)၊ (ဆံတော်ရှင်ကျိုက်ထီးရိုး)

**ရခိုင် (၂၁:၀၀ မှ ၂၃:၀၀)**
မြူးကြွတေးသံ NRC သင်္ကြန် (အပိုင်း-၂)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊တေးသီချင်း |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၉:၁၅ | ကမ္ဘာ့ဝန်းကျင် ဇီဝမျိုးကွဲစုံလင် |
| ၁၁:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ(LIVE) |
| ၁၉:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၁၉:၁၅ | ရေဝတီတိုင်းဒေသကြီး၊ပုတောမြို့နယ်ထဲက ကျောက်တလပ်ကမ်းခြေ |
| ၂၀:၀၀ | ပြည်တွင်းသတင်း(LIVE) |
| ၂၁:၀၀ | ပြည်တွင်းသတင်း(LIVE) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ထိုင်းနိုင်ငံ) |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'တနာတတ်သူတာဝန်ယူ' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ (ဗီယက်နမ်နိုင်ငံ) |
| ၁၁:၀၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ) |
| ၁၁:၃၀ | ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၇) |

### MRTV FARMERS' / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက် |
| ၀၆:၁၀ | တန်ဖိုးမြင့်ထုတ်ကုန် ဖွံ့နသီအစွမ်း |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၀၀ | ညှော်သည်(ဇာတ်လမ်း) |
| ၁၉:၃၀ | How to Harvest Sunflower Seed and Sunflower Oil Processing in Factory \| Agriculture Technology |
| ၂၂:၀၀ | City of the Future: Singapore-Full Episode\| Naitonal Geographic |
| ၂၃:၃၀ | Seven Success Stories From Northeastern Thailand |

### MRTV SPORTS / HTV

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၁၆:၃၀ | MNL 2022 Match (Replay) |
| ၁၈:၀၀ | အားကစားသတင်း |
| ၁၈:၃၅ | School of Football |
| ၁၉:၄၀ | Weekly Soccer Preview |

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## ရွှေဘိုဈေးကွက်တွင် ကုလားပဲ(V2)များ အရောင်းအဝယ်ဖြစ်

ရွှေဘို မေ ၁၀

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုဈေးကွက်သို့ ကုလားပဲ (V2)သီးနှံများ မတ်လ ဒုတိယအပတ်မှစတင်၍ ဝင်ရောက်လျက်ရှိပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းအနေဖြင့် ကုလားပဲ (V2) တစ်တင်းလျှင် ငွေကျပ် ၇၈၀၀၀ ပေါက်ဈေးရှိပြီး တစ်ပတ်အတွင်း တင်း ၉၀၀၊ တန်အားဖြင့် ၂၅ တန် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ယခင်နှစ်ကာလတူနှင့် အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများ နှိုင်းယှဉ်ပါက ယခင်နှစ်၌ ကုလားပဲ(V2) တစ်တင်းလျှင် ငွေကျပ် ၆၇၃၀၀ သာ ပေါက်ဈေးရှိခဲ့သဖြင့် ယခုနှစ်တွင် ယခင်နှစ်ကထက် တစ်တင်းလျှင် ငွေကျပ် ၁၀၇၀၀ ဈေးနှုန်းပိုမိုရရှိခဲ့ပြီး ဝင်ရောက်သည့် ကုလားပဲ(V2) များ အားလုံး ပုံမှန်အတိုင်းအရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း သိရသည်။



## ကျောက်ဆည်ခရိုင်၌ 6–Miniutes ငရုတ်မျိုးများ စတင်ထွက်ရှိ

ကျောက်ဆည် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိရာ စားဖိုဆောင် သီးနှံတစ်မျိုးဖြစ်သော ငရုတ်သီးနှံကိုလည်း စိုက်ပျိုးကြောင်း၊ စိုက်ပျိုးမှုကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် ငွေကျပ် ၂၅ သိန်းခန့် ကုန်ကျသည်။

အများဆုံးစိုက်ပျိုးသော ငရုတ်မျိုးများမှာ 692၊ တိုးတိုးအောင်နှင့် 6–Miniutes ငရုတ်မျိုးတို့ဖြစ်ကာ 6–Miniutes ငရုတ်မျိုးများမှာ စတင်ထွက်ရှိပြီး ခုနစ်ရက်တစ်ကြိမ် ခူးဆွတ်ရကြောင်း၊ တစ်ဧကတစ်ကြိမ်ခူးဆွတ်လျှင် တင်း ၆၀ ခန့်၊ ပိဿာအနေဖြင့် ၃၆၀ ခန့် ထွက်ရှိကြောင်း၊ ငရုတ်သီးများ ဖြိုင်ဖြိုင်ထွက်ပေါ်ချိန်တွင် အထွက်နှုန်းပိုမိုထွက်ရှိလာမည်ဖြစ်ကြောင်း၊ ငရုတ်သီးနှံဈေးနှုန်းအနေဖြင့် ငရုတ်အစိုတစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀–၂၀၀၀ ဈေးနှုန်းများဖြင့် ရောင်းချရကြောင်း၊ ငရုတ်အစိုများကို စိုက်ခင်းများအထိ လာရောက်ဝယ်ယူသူများရှိသကဲ့သို့ နီးစပ်ရာပွဲရုံများသို့လည်း ရောင်းချလျက်ရှိကြောင်း၊ ငရုတ်အထွက်နှုန်းနှင့် ဈေးနှုန်းကောင်းမွန်ပါက အကျိုးအမြတ်များလည်း ပိုမိုရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။



## ဆိပ်ဖြူမြို့နယ်၌ ကြက်သွန်နီမျိုးစေ့အနှံ့ယူ စိုက်ပျိုးလျက်ရှိ

ဆိပ်ဖြူ မေ ၁၀

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်အတွင်းရှိ ဆိပ်ဖြူမြို့အလယ်ပိုင်း၊ အနောက်ပိုင်း၊ ရွာသစ်ရပ်ကွက်နှင့် ကိုးထောင့်၊ ချင်တောင်၊ အောက်ဆိပ်၊ မြင်ကဝ၊ ကူရှည်၊ ရွာမ၊ ရွာသာအေးကျေးရွာအုပ်စုများ၌ ကြက်သွန်နီသီးနှံကို ဥစိုက်၊ ပင်စိုက်အပြင် မျိုးစေ့အနှံ့ယူစိုက်ခင်းများကိုလည်း နှစ်စဉ်တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြရာမှ ဈေးကွက်ခိုင်မာမှုရှိပြီး အကျိုးအမြတ်ရရှိသောကြောင့် ယခုနှစ်တွင် ပိုမိုတိုးချဲ့၍ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

စိုက်ပျိုးမှုအနေဖြင့် ကြက်သွန်နီသီးနှံကို သဲနုန်းမြေနှင့် မြေမာများတွင် စိုက်ပျိုးကြပြီး မျိုးအနေဖြင့် ရွှေဖလားထိပ်မောက် (အခွံထူ)မျိုးကို စိုက်ပျိုးကြကြောင်း၊ မျိုးစေ့အရည်အသွေးနှင့် အထွက်နှုန်းကောင်းမွန်စေရေးအတွက် မျိုးကောင်းမျိုးသန့် ကြက်သွန်နီ (ဥကြီး) များကို ရွေးချယ်စိုက်ပျိုးကြောင်း၊ ကြက်သွန်နီသီးနှံသည် အပူအအေးမျှတသော ရာသီဥတုကို ကြိုက်နှစ်သက်သည့်အတွက် ဒီဇင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးပြီး မတ်လကုန်တွင် ဆွတ်ခူးရိတ်သိမ်းရပြီး မျိုးစေ့များကို ပီနံအိတ်အထပ်ထပ်ဖြင့် ထုပ်ပိုးခြင်း၊ သံပုံး၊ ပလတ်စတစ်ပုံးများဖြင့် လေလုံအောင်ထားရှိ၍ သိမ်းဆည်းရကြောင်း၊ လေဝင်ပါက မျိုးစေ့များတွင် အစိုဓာတ်ရရှိပြီး နောင်နှစ်စိုက်ပျိုးရာသီချိန်တွင် ကြပက်ပါက အပင်ပေါက်မစုံလင်ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် မျိုးစေ့များကို စနစ်တကျ သိမ်းဆည်းထားရှိရကြောင်း သိရသည်။

ကြက်သွန်နီမျိုးစေ့အနှံ့ယူစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ကြက်သွန်နီမျိုးဥ အရွယ်အစားကိုလိုက်၍ ပိဿာချိန် ၃၅၀–၄၀၀ အထိ စိုက်ပျိုးရပြီး တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀ ဖြင့် ဝယ်ယူစိုက်ပျိုးရကြောင်း၊ ကုန်ကျစရိတ်အနေဖြင့် စုစုပေါင်း ငွေကျပ်သိန်း ၃၀ ခန့် ကုန်ကျကြောင်း၊ တောင်သူတစ်ဦးချင်း၏ မြေသားကွာခြားမှု၊ စိုက်ပျိုးချိန်ရာသီ မတူညီမှု၊ သွင်းအားစုသုံးစွဲပုံ မတူညီခြင်းတို့ကြောင့် ငါးတင်းမှ ခုနစ်တင်းအထိ ထွက်ရှိကြကြောင်း သိရသည်။

ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၂၀၀၀–၂၅၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ပြီး ကြက်သွန်နီမျိုးစေ့ ဈေးကွက်မှာလည်း မြင့်တက်လာခြင်းဖြစ်၍ မျိုးစေ့တစ်ပြည်လျှင် ငွေကျပ် ၁၀၀၀၀၀–၁၅၀၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ငွေကျပ် ၁၂၀၀၀၀ ဖြင့် ပျမ်းမျှရောင်းချပါက တစ်ဧကဝင်ငွေကျပ် ၉၆၀၀၀၀၀ ခန့်ရရှိပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၆၆၀၀၀၀၀ ခန့်ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် တောင်တွင်းကြီးမြို့၊ ပွင့်ဖြူမြို့၊ ချောက်မြို့နှင့် ဆိပ်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ လာရောက်ဝယ်ယူကြကြောင်း၊ ယခုနှစ်တွင်လည်း ကြက်သွန်နီမျိုးစေ့များ ရောင်းချချိန်တွင် ကြက်သွန်နီဈေးကွက်ခိုင်မာမှုရှိပါက မျိုးစေ့ဈေးကွက်ကောင်းပြီး ယခင်နှစ်ကဲ့သို့ အကျိုးအမြတ်များစွာ ရရှိမည်ဖြစ်ကြောင်း သိရသည်။

**သတင်းရင်းမြစ် စီးပွား/ကူးသန်း**

## မောတောင်ကုန်သွယ်ရေးစခန်း၏ ကုန်သွယ်မှုအခြေအနေ

မောတောင် မေ ၁၀

မောတောင်ကုန်သွယ်ရေးစခန်းမှ ၂၀၂၄ ခုနှစ် မေ ၃ ရက်မှ ၆ ရက်အထိ လယ်ယာထွက်ကုန်ပစ္စည်းအနေဖြင့် ကြက်သွန်နီ တန် ၂၉၄ ဒသမ ၇၀၊ ငရုတ်သီး ၁၃၀ ဒသမ ၈၁၅ တန်၊ ရေထွက်ကုန်ပစ္စည်းအနေဖြင့် ငါးမျိုးစုံ၊ ပုစွန်၊ ကဏန်း၊ ကင်းမွန်နှင့် အခြားရေထွက်ပစ္စည်းများ ၃၂၄ ဒသမ ၃၇ တန်၊ စက်မှုကုန်ချောပစ္စည်းအနေဖြင့် တံမြက်စည်းအချောင်း ၁၅၀၀၀၊ အခြားပစ္စည်းအနေဖြင့် ဆီအုန်းကြိတ်ဖတ် တန် ၁၁၀ တင်ပို့နိုင်ခဲ့သည်။ သွင်းကုန်တင်သွင်းမှုအနေဖြင့် သစ်သီးမျိုးစုံ၊ ကြွေပြား၊ ကျောက်ပြား၊ ဖိနပ်၊ A4 စက္ကူနှင့် ဘီစကစ်မုန့်တို့ တင်သွင်းခဲ့ကြောင်း သိရသည်။

## ထောပတ်ပဲများ ရိတ်သိမ်းပြီးစီး၍ တောင်သူများ အကျိုးအမြတ်ရလျက်ရှိ

ကျောက်ဆည် မေ ၁၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်တွင် သီးနှံမျိုးစုံစိုက်ပျိုးလျက်ရှိရာ ရာသီအလိုက် စိုက်ပျိုးသော သီးနှံများအနက် ပဲသီးနှံတစ်မျိုးဖြစ်သည့် ထောပတ်ပဲကိုလည်း စိုက်ပျိုးကြောင်း၊ ထောပတ်ပဲများကို ကျောက်ဆည်ခရိုင်အတွင်းရှိ ကျောက်ဆည်မြို့နယ်တွင် ဧက ၉၈၀၊ မြစ်သားမြို့နယ်တွင် ဧက ၁၆၀ စုစုပေါင်းဧက ၁၁၄၀ စိုက်ပျိုးထားရှိပြီး စိုက်ဧကအားလုံးကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း ခရိုင်ကြေးတိုင်နှင့် မြေစာရင်းဦးစီးဌာန၏ စာရင်းများအရ သိရသည်။

ထောပတ်ပဲစိုက်ပျိုးမှုအတွက် တစ်ဧကလျှင် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် စုစုပေါင်း ငွေကျပ် ၁၃၀၀၀၀ ခန့်ကုန်ကျပြီး အထွက်နှုန်းအနေဖြင့် ရှစ်တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ယခင်နှစ်က တစ်တင်းလျှင် ငွေကျပ် ၇၇၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ယခုနှစ်တွင် တစ်တင်းလျှင် ငွေကျပ် ၈၅၀၀၀ ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ တစ်ဧက အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၅၅၀၀၀၀ ရရှိကြောင်း၊ ဈေးကွက်အနေဖြင့် ထောပတ်ပဲကို မြို့ပေါ်ရှိပွဲရုံများသို့ သွားရောက်ရောင်းချကြောင်းနှင့် စိုက်ပျိုးစရိတ်သက်သာပြီး အကျိုးအမြတ်ဖြစ်ထွန်းသော ထောပတ်ပဲသီးနှံကို တိုးချဲ့စိုက်ပျိုးသင့်ကြောင်း တောင်သူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

### ၉–၄–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ်၊ မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ(ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၇၀၀၀ | ၁၆၀၀၀ | ၆၂၅၀ | ၁၅၀၀၀ | ၄၅၀၀ | ၁၈၀၀၀ | ၁၀၀၀၀ | ၅၀၀၀ | ၈၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၂၅၀၀ | ၅၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၁၆၀၀၀ |
| ၂ | လားရှိုး | ၃၇၀၀ | | ၈၀၀၀ | ၁၇၀၀၀ | ၆၃၃၀ | ၁၇၀၀၀ | ၄၅၀၀ | ၁၅၀၀၀ | ၁၁၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၇၀၀ | ၄၀၀၀ | ၃၅၀၀ | ၄၅၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၃၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၃ | ကျိုင်းတုံ | ၄၀၅၀ | | ၇၅၀၀ | ၁၆၀၀၀ | ၆၅၀၀ | ၁၇၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၅၅၀၀ | ၁၃၀၀ | ၁၀၅၀၀ | ၈၀၀၀ | ၆၀၀၀ | ၃၅၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | | ၁၅၀၀၀ |
| ၄ | တောင်ကြီး | ၃၅၀၀ | ၃၃၀၀ | ၆၈၀၀ | ၁၆၅၀၀ | ၅၈၀၀ | ၁၉၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၅၀၀ | ၅၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၄၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၈၀၀၀ | ၂၈၀၀၀ | ၁၆၀၀၀ |
| ၅ | လွိုင်ကော် | | | | | | | | | | | | | | | | | | | | | | |
| ၆ | ဘားအံ | ၃၅၀၀ | | ၅၇၀၀ | ၁၅၅၀၀ | ၅၉၀၀ | ၁၁၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | ၆၈၀၀ | ၇၀၀၀ | ၈၀၀ | ၈၀၀၀ | ၇၀၀၀ | ၅၅၀၀ | ၂၅၀၀ | ၄၅၀၀ | ၁၂၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၃၅၀၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၈၀၀ | ၁၁၀၀၀ | ၃၀၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၈၀၀၀ | ၇၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၇၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၈ | ထားဝယ် | ၃၉၅၀ | | ၆၈၀၀ | ၁၇၀၀၀ | ၆၀၂၅ | ၁၂၀၀၀ | ၂၈၀၀ | ၁၁၀၀၀ | ၁၂၀၀၀ | | ၅၀၀၀ | ၆၀၀ | ၇၉၀၀ | ၇၂၀၀ | ၃၅၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၄၀၀၀ | | ၆၀၀၀ | ၁၆၅၀၀ | ၆၁၀၀ | ၁၂၅၀၀ | ၂၈၀၀ | ၁၅၄၀၀ | ၁၁၈၀၀ | ၈၈၀၀ | ၇၅၀၀ | ၁၀၀၀ | ၉၂၀၀ | ၆၇၀၀ | ၄၃၀၀ | ၃၀၀၀ | ၄၅၀၀ | ၁၁၅၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၂၃၅၀၀ | |
| ၁၀ | ရန်ကုန် | ၃၈၀၀ | | ၅၆၀၀ | ၁၆၀၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၃၆၀၀ | ၁၆၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၆၅၀၀ | ၈၀၀ | ၇၅၀၀ | ၆၆၀၀ | ၆၀၀၀ | ၂၈၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၃၅၅၀ | | ၅၃၀၀ | ၁၆၀၀၀ | ၅၆၈၀ | ၅၀၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၂၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀ | ၆၈၀၀ | ၆၂၀၀ | ၆၀၀၀ | ၃၀၀၀ | ၅၀၀၀ | ၁၂၀၀၀ | ၁၇၀၀၀ | ၁၇၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၂ | စစ်တွေ | | | | | | | | | | | | | | | | | | | | | | |
| ၁၃ | ဟားခါး | ၇၅၀၀ | | ၈၅၀၀ | ၁၉၅၀၀ | - | ၄၅၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၁၅၀၀ | | ၆၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၂၅၀၀၀ | ၂၀၀၀၀ | | ၂၂၀၀၀ |
| ၁၄ | မုံရွာ | ၃၆၀၀ | ၃၁၅၀ | ၆၄၀၀ | ၁၃၅၀၀ | ၆၂၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၂၀၀၀ | ၁၀၅၀၀ | ၄၀၀၀ | ၈၀၀ | ၆၉၀၀ | ၇၂၀၀ | ၅၀၀၀ | ၂၆၀၀ | ၄၂၀၀ | ၉၅၀၀ | ၁၇၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ |
| ၁၅ | မန္တလေး | ၄၅၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၅၀ | ၉၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၈၀၀ | ၇၃၀၀ | ၆၄၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၁၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပခုက္ကူ | ၄၀၀၀ | | ၆၃၀၀ | ၁၂၅၀၀ | ၅၉၅၀ | ၁၄၀၀၀ | ၂၀၀၀ | ၁၃၀၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၆၀၀၀ | ၇၅၀ | ၇၅၀၀ | ၇၅၀၀ | ၃၅၀၀ | ၂၂၀၀ | ၄၅၀၀ | ၁၃၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၉၅၀၀ |
| ၁၇ | မကွေး | ၃၇၀၀ | | ၇၀၀၀ | ၁၄၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၂၄၀၀ | ၁၅၀၀၀ | ၁၁၅၀၀ | ၉၀၀၀ | ၅၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၄၀၀ | ၄၀၀၀ | ၂၅၀၀ | ၄၈၀၀ | ၁၂၅၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၈ | ပြည် | ၃၄၀၀ | | ၅၃၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၈၀၀၀ | ၂၅၀၀ | ၂၀၀၀၀ | ၁၃၅၀၀ | | ၈၀၀၀ | ၆၀၀ | ၇၀၀၀ | ၇၀၀၀ | ၃၀၀၀ | ၂၈၀၀ | ၄၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၉ | ပဲခူး | ၃၂၀၀ | | ၅၅၀၀ | ၁၄၀၀၀ | ၅၇၀၀ | ၁၂၀၀၀ | ၂၇၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၄၅၀၀ | ၄၅၀ | ၇၈၀၀ | ၆၀၀၀ | ၃၇၀၀ | ၂၄၀၀ | ၄၈၀၀ | ၁၀၀၀၀ | ၁၅၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၂၀ | ပျဉ်းမနား | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၀၀၀ | ၆၀၀၀ | ၅၀၀ | ၇၅၀၀ | ၆၂၀၀ | ၄၀၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၇၀၀ | | ၆၆၀၀ | ၁၄၅၀၀ | ၅၆၀၀ | ၁၃၀၀၀ | ၂၂၀၀ | ၁၂၀၀၀ | ၁၂၀၀၀ | ၆၂၀၀ | ၆၂၀၀ | ၅၀၀ | ၇၅၀၀ | ၆၄၀၀ | ၄၂၀၀ | ၂၄၀၀ | ၄၄၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၆၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၆၀၀ | ၃၀၀၀ | | ၁၅၀၀၀ | ၇၀၀၀ | ၂၄၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၃၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၁၀၀၀ | ၉၀၀၀ | ၇၅၀၀ | ၄၀၀၀ | ၄၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | | ၁၅၀၀၀ |

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ နိုင်ငံတော်ကြီးသာယာဝပြောမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေနေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်ပြီး ဖြစ်ပါသည်။

## ၁၀-၄-၂၀၂၄ ရက်နေ့အထိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ကြည်ညိုဖူးမြော်စဉ် အလှူငွေများထည့်ဝင်လှူဒါန်းသည့်အလှူရှင်များစာရင်း

| စဉ် | နဝကမ္မ အမည် | အလှူငွေ (ကျပ်) |
|---|---|---|
| ၈၆၄၀။ | စစ်တက္ကသိုလ်အမှတ်စဉ်(၃၅) ဗိုလ်လောင်းသင်တန်းကျောင်းဆင်း နှစ်(၃၀)ပြည့် (ပုလဲရတု)အထိမ်းအမှတ် သူငယ်ချင်းများကောင်းမှု | ၁၈၁၈၀၀၀ |
| ၈၆၄၁။ | ပညာရိပ်သာကျောင်းဆရာတော် ဦးဣန္ဒာစာရကောင်းမှု | ၁၀၀၀၀၀၀ |
| ၈၆၄၂။ | ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်မှ အငြိမ်းစားဝန်ထမ်းများကောင်းမှု | ၄၀၀၀၀၀ |
| ၈၆၄၃။ | ကွယ်လွန်သူဦးညွန့်မောင်အားရည်စူး၍ ဒေါ်မြသန်းမိသားစုကောင်းမှု | ၃၀၀၀၀၀ |
| ၈၆၄၄။ | နှစ်ဖက်မိဘများအားအမှူးထားပြီး (သမီး)မမေဇင်မျိုးထက်အားရည်စူး၍ ဦးစစ်လွန်းမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၆၄၅။ | ဒေါ်တင်တင်မိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၆၄၆။ | ဦးသိန်းစိုးဦးနှင့်ဇနီး ဒေါ်ခိုင်မာအေး၊ (သမီး)မသက်ထားစံမိသားစုကောင်းမှု | ၂၀၀၀၀၀ |
| ၈၆၄၇။ | သမဝါယမဝန်ကြီးဌာန၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်)မှ ဆရာ/ဆရာမများကောင်းမှု | ၁၅၀၀၀၀ |
| ၈၆၄၈။ | ဦးထွန်းနိုင်နှင့်ဇနီး ဒေါ်မြတ်မင်းသူ၊ (သမီး)မဟန်သူသူစိုး၊ (သား)မောင်ခေတ်မင်းသစ်မိသားစုကောင်းမှု | ၁၅၀၀၀၀ |
